# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်၊ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာ ၄ ရက်၊ သောကြာနေ့၊ အတွဲ (၅၁)၊ အမှတ် (၃၅)


**ဗိုလ်တာဝန်အရေး(၃)ပါး**

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

## နိုင်ငံတကာတွင် ဘောလုံးကစားခြင်းကို အသက်မွေးဝမ်းကျောင်းလုပ်ငန်းသဖွယ် ဆောင်ရွက်လာ

## မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဘောလုံးလောကထဲ ပြန်လည်တိုးဝင်ပြီး အောင်ပန်းများဆွတ်ခူးနိုင်ရေး

## နိုင်ငံတော်က အားထားရမည့် ဘောလုံးအကယ်ဒမီကျောင်းများ မြောက်မြားစွာ ဖွင့်လှစ်ရန်လိုအပ်

ရန်ကုန် နိုဝင်ဘာ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပုသိမ်မြို့သို့ ရောက်ရှိသည်။

**အားပေးချီးမြှင့်**

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဧရာဝတီ ဘောလုံးအကယ်ဒမီ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆






**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဧရာဝတီဘောလုံးအကယ်ဒမီဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

## တစ်နိုင်ငံလုံးရှိ ဆရာဝန်များကို အမှန်ကိုယ်စားပြုသည့်အဖွဲ့ ဖြစ်စေရန် ကြိုးစားဆောင်ရွက်

## နိုင်ငံတော်က ဆောင်ရွက်နေသော ကျန်းမာရေးဆိုင်ရာလုပ်ငန်းတွင် ပူးပေါင်းပါဝင်

## ပြည်သူလူထုကျန်းမာရေးဆိုင်ရာ ကာကွယ်တိုက်ဖျက်ရေးနှင့် ပညာပေးလုပ်ငန်းများ ပိုမိုဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြန်မာနိုင်ငံဆရာဝန်အသင်း(ပုသိမ်)ခန်းမ၌ မြန်မာနိုင်ငံဆရာဝန်အသင်း(ပုသိမ်)က ကြီးမှူးကျင်းပသော အဋ္ဌမအကြိမ် ဆရာဝန်ညီလာခံနှင့် ဆေး၊ ဆေးပစ္စည်းပြပွဲ၊ ပုသိမ်အထွေထွေရောဂါကုဆေးရုံကြီးသို့ လူနာတင်ယာဉ် လှူဒါန်းပွဲနှင့် SKY NET ရုပ်သံပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားများသို့ တက်ရောက်အားပေးချီးမြှင့်သည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❖





**အမှာစကားပြောကြား**

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အဋ္ဌမအကြိမ် ဆရာဝန်ညီလာခံ၊ ဆေးနှင့် ဆေးပစ္စည်းပြပွဲ၊ ပုသိမ်အထွေထွေရောဂါကုဆေးရုံကြီးသို့ လူနာတင်ယာဉ် လှူဒါန်းပွဲနှင့် SKY NET ရုပ်သံပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် နိုဝင်ဘာ ၄ ရက်)

# ကုသိုလ်လည်းရ ဝမ်းလည်းဝ ရိုးသားသော ဈေးသည်ဘဝ

လောက၌ သာမန်ခေါင်းရွက်ဗျပ်ထိုးဈေးသည်မှအစ ကုန်သည်ကြီးများအထိ အမြတ်အစွန်းရလိုကြသည်။ ထိုသူတို့ ရောင်းဝယ်ဖောက်ကားကြရာတွင် ရိုးသားသော၊ သမာသမတ်စိတ်ရှိသော ဈေးသည်နှင့် ဝိသမစိတ်ရှိသော ဈေးသည်ဟူ၍ နှစ်မျိုးတွေ့ရသည်။

သမာသမတ်စိတ်ရှိသော ဈေးသည်ကား မိမိ၏ကုန်ပစ္စည်းအပေါ် သင့်တင့်မျှတသော အမြတ်အစွန်းဖြင့်သာ ရောင်းဝယ်၏။ ဝိသမစိတ်၊ မတော်လောဘစိတ်ရှိသော ဈေးသည်မှာမူ မတန်မရာသော အမြတ်အစွန်းဖြင့် ရောင်းဝယ်ဖောက်ကား၏။

တစ်ခါက မီးရထားဖြင့် ခရီးသွားရာ ရထားပေါ်တွင် ခေါင်းရွက်ဗျပ်ထိုးဈေးသည်နှစ်ဦး၏ စိတ်ရင်းကို သတိထားမိ၏။ တစ်ဦးသည်ကား မုန့်ဖက်ထုပ်သည်ဖြစ်ပြီး တစ်ဦးမှာ ပြောင်းဖူးပြုတ်သည်ဖြစ်၏။

မုန့်ဖက်ထုပ်သည်က မုန့်ဖက်ထုပ်များကို သုံးထုပ်လျှင် ငွေကျပ် ၂၀၀ ဟု အော်ရောင်းသည်။ မီးရထားပေါ်တွင် လိုက်ပါလာသော ခရီးသွားအချို့သည် ထိုမုန့်ဖက်ထုပ်သည်၏ ပူပူနွေးနွေးမုန့်ဖက်ထုပ်များကို သူအော်ရောင်းသည့်အတိုင်း ကျသင့်ငွေပေး၍ ဝယ်စားသည်။ မှန်မှန်ကန်ကန် ရောင်းချခြင်းကြောင့် ချက်ချင်းဆိုသလို ပြိုက်ခနဲ ရောင်းလိုက်ရသည်။

ပြောင်းဖူးပြုတ်သည်က ပြောင်းဖူးတစ်ဖူးငွေကျပ် ၁၀၀နဲ့ ရမယ်ဟု အော်ရောင်းသည်။ ခရီးသွားတစ်ဦးက ၄င်းဈေးနှင့်ဆိုလျှင် တန်သည်ဟုဆိုကာ ပြောင်းဖူးသည်အားလှမ်းခေါ်၍ ဝယ်သည်။ ထိုအခါ ပြောင်းဖူးသည်က ပြောင်းဖူးအသေးကိုသာ ငွေကျပ် ၁၀၀နှင့် ရောင်းနိုင်ကြောင်း၊ အကြီးကိုငွေကျပ် ၁၅၀ ရမှသာလျှင် ရောင်းမည်ဖြစ်ကြောင်း ပြောသည်။ ပြောင်းဖူးဝယ်သူမှာ ရုတ်တရက် ဈေးတက်သွားခြင်းကြောင့် ပြောင်းဖူးကို ပြန်ချလိုက်ပြီး မဝယ်တော့ပေ။

ဤသည်မှာ ရိုးသားသောမုန့်ဖက်ထုပ်သည်နှင့် မရိုးသားသော ပြောင်းဖူးပြုတ်သည်တို့၏ အကောင်းအဆိုး၊ အကြောင်းအကျိုးပင်ဖြစ်သည်။ သင့်တင့်သောဈေးနှုန်းဖြင့် ရောင်းပြီး အမြတ်နည်းနည်းယူသော မုန့်ဖက်ထုပ်သည်သည် အမြတ်နည်းသော်လည်း မြန်မြန်ကုန်သည်။ ရိုးသားမှုကြောင့် မြန်မြန်ကုန်သည်နှင့်အမျှ နောင်တွင် များများရောင်းလာရသည်။ များများရောင်းရသောအခါ ထိုနည်းသောအမြတ်များကိုပင် စုမိပြီး စီးပွားဖြစ်လာနိုင်သည်။ ပြောင်းဖူးသည်သည်ကား အလိုကြီးသဖြင့် အရောင်းမသွက်ဘဲ အချိန်လွန်ရောင်းမကုန်ဖြစ်ကာ "အလိုကြီးအရနည်း"ခဲ့ရသည်။

"ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ"ဆိုသော ဆိုရိုးစကားရှိသည်။ ရိုးသားခြင်းကြောင့် ကုသိုလ်ဖြစ်ကာ အမြတ်များစုမိ၍ ဘဝလှ ဝမ်းဝရသည်။ ဈေးရောင်းသူ ဝမ်းဝရသလို၊ ဈေးဝယ်သူများလည်း စိတ်ချမ်းမြေ့ကြရသည်။

ထို့ကြောင့် ခေါင်းရွက်ဗျပ်ထိုးဈေးသည်မှအစ ကုန်သည်ကြီးများအထိ မိမိတို့ကုန်ပစ္စည်း ရောင်းကုန်များအပေါ် ရိုးသားခြင်းကို အခြေခံလျက် သင့်တင့်မျှတသော အမြတ်အစွန်းယူ ရောင်းဝယ်ဖောက်ကားခြင်းသည်ကား ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ၊ ချမ်းမြေ့မှုလည်း ရနိုင်ကြမည်ဖြစ်ကြောင်း သုံးသပ်ရှုမြင်ရေးသားလိုက်ရပါသည်။ ။

# အာဆီယံ-ဂျပန် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃**

အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် ဂျပန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မည့် စွမ်းအင်ကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများအပေါ် အားနည်းချက် အားသာချက်များကို ဆွေးနွေးညှိနှိုင်းမည့် မြန်မာနိုင်ငံက ပထမဆုံးအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၃၇)ကြိမ်မြောက် အာဆီယံ-ဂျပန် စီးပွားရေးလုပ်ငန်းဆိုင်ရာဆွေးနွေးပွဲ(The 37th ASEAN-Japan Business Meeting - AJBM) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် Ball-room ၌ ကျင်းပသည်။

**ဖတ်ကြား**

အစီအစဉ်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အာဆီယံ-ဂျပန် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲသို့ ပေးပို့သော သဝဏ်လွှာကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ဖတ်ကြားသည်။

ထို့နောက် ဂျပန်နိုင်ငံဝန်ကြီးချုပ်ထံမှ ပေးပို့သောသဝဏ်လွှာကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H. E. Mr. Takashi SAITO က ဖတ်ကြားသည်။

ယင်းနောက် (၃၇)ကြိမ်မြောက် အာဆီယံ-ဂျပန် စီးပွားရေးလုပ်ငန်းဆိုင်ရာဆွေးနွေးပွဲ ဥက္ကဋ္ဌဒေါက်တာခင်ရွှေ၊ ဒုတိယဥက္ကဋ္ဌ TAKEDA PHARMA-CEUTICAL COMPANY LIMITED, President & Chief Executive Officer, Mr. Yasuchika Hasegawa နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်တို့က ဆွေးနွေးပွဲနှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားကြသည်။

**ဆွေးနွေး**

ထို့နောက် ဆွေးနွေးပွဲ နံနက်ပိုင်း အစီအစဉ်တွင် ထိုင်းနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တို့မှ စီးပွားရေးလုပ်ငန်းရှင်များက "Security and risk management as a basis for sustainable growth" ကိုလည်းကောင်း၊ မွန်းလွဲပိုင်း အစီအစဉ်တွင် ထိုင်းနိုင်ငံ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ဂျပန်နိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များက " Future energy architecture & cooperation in Asia"ကို လည်းကောင်း၊ ညနေပိုင်းတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များက "Human resource development, exchange and management ကိုလည်းကောင်း ဆွေးနွေးကြသည်။

**ဆက်လက်ကျင်းပ**

အဆိုပါ အာဆီယံ-ဂျပန်စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကို နိုဝင်ဘာ ၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယား

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် ဦးသန့် ကျမ်းသစ္စာဆိုခြင်း နှစ်(၅၀)ပြည့် အထိမ်းအမှတ်အခမ်းအနား တက်ရောက်

ရန်ကုန် နိုဝင်ဘာ ၃

**ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယားသည် ယနေ့ညနေ ၆ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ ကျင်းပသည့် တတိယမြောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် (၁၉၆၁-၁၉၇၁)အဖြစ် ဦးသန့် ကျမ်းသစ္စာဆိုခြင်း နှစ် (၅၀)ပြည့် အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။**

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ၏ အကြံပေး အဖွဲ့ဝင်များဖြစ်ကြသော ဦးကိုကိုလှိုင်နှင့် ဦးမြင့်၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့်ကော်မရှင်အဖွဲ့ဝင်များ၊ အစိမ်းရောင် စီးပွားရေးနှင့် အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် အကျိုးဆောင်များ၊ သံတမန်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ကြည့်ရှု**

ရှေးဦးစွာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာဗီဂျေနမ်ဘီးယားသည် ခန်းမပြင်ပ၌ ပြသထားသော ဦးသန့်၏ မှတ်တမ်းတင်ဓာတ်ပုံများကို ကြည့်ရှုသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် မစ္စတာ ဗီဂျေနမ်ဘီးယားက အမှာစကား ပြောကြားပြီး ဦးသန့်၏မြေးဖြစ်သူ ဒေါက်တာသန့်မြင့်ဦးက ဦးသန့် တာဝန်ထမ်းဆောင်စဉ် ဆောင်ရွက်ခဲ့သည်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ **(သတင်းစဉ်)**

# ကုန်သည်/စက်မှုအသင်းချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးကျင်းပသော လစဉ်ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကို နိုဝင်ဘာ ၅ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် ၂၉ ရှိ UMFCCI Office Tower ပထမထပ်ခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဟောပြောဆွေးနွေးပွဲတွင် ပါမောက္ခဒေါက်တာဒေါ်လှမြင့်က Resource Based-View(RBV): Competing on Resources ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။

**ဆက်သွယ်စုံစမ်းနိုင်**

အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ ကုန်သည်/စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ အသင်းဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ကြောင်းနှင့် ဖုန်း-၂၁၄၃၄၄ မှ ၂၁၄၃၄၉ အထိ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

# နိုင်ငံသားစိစစ်ရေးကတ်ပြား မိုးနဲ၌ပေးအပ်

**မိုးနဲ နိုဝင်ဘာ ၃**

လင်းခေးခရိုင် မိုးနဲမြို့ အခြေခံပညာအထက်တန်းကျောင်း ပုလဲဆောင်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၀ ရက်ကကျင်းပရာ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းငြိမ်းက နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းအကြောင်း ရှင်းလင်းပြီး မိုးနဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးစိုင်းအောင်နိုင်တို့က နိုင်ငံသားအရည်အချင်း ပြည့်မီသူ ၇၅ ဦးအား ကတ်ပြားများပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**



# သံတွဲမြို့နယ်၌ မြန်မာ့သစ်တော သီတင်းပတ်ကျင်းပ

**သံတွဲ နိုဝင်ဘာ ၃**

ခရိုင်သစ်တောဦးစီးဌာနနှင့်သံတွဲမြို့နယ် သစ်တောဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် မြန်မာ့သစ်တောသီတင်းပတ်အထိမ်းအမှတ်အဖြစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို အောက်တိုဘာ ၂၀ ရက် နံနက် ၇ နာရီက သံတွဲမြို့နယ် ရွှေလေ့ကျေးရွာအနီး သံတွဲ-တောင်ကုတ် ကားလမ်းဘေးဝဲယာ၌ ကျင်းပသည်။

အခမ်းအနားတွင် သံတွဲခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုး၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်နိုင်နှင့် ဝန်ထမ်းများ၊ ရွှေလေ့ကျေးရွာမှ ဒေသခံပြည်သူများက သံတွဲ-တောင်ကုတ်ကားလမ်းဘေးဝဲယာရှိ ကျွန်းပင်များအား ပေါင်းရှင်းခြင်း၊ ခါးဆွ မြေတောင်မြှောက်ပေးခြင်း၊ မြေဩဇာကျွေးခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)**

**(ခရိုင် ပြန်/ဆက်)**



# အလုပ်ရုံဆွေးနွေးပွဲ လပွတ္တာ၌ ကျင်းပ

**လပွတ္တာ နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် သဘာဝဘေးအန္တရာယ် ထိခိုက်မှုလျော့ပါးရေး စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် သဘာဝဘေးအန္တရာယ် ထိခိုက်မှုကြောင့် ဆုံးရှုံးနိုင်ခြေလျော့ပါးရေး စီမံချက်အရ အက်ရှင်အေ့(ဒ်)မြန်မာမှ ဆောင်ရွက်သော သဘာဝဘေးအန္တရာယ်ထိခိုက်လျော့ပါးရေး စီမံခန့်ခွဲမှုနှင့်ကြိုတင်သတိပေးမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို လပွတ္တာမြို့နယ် ရိုင်ရယ်လ်ဟော်(စ်) တယ်လ်ခန်းမ ၌ အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီက ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်က အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

**ကျင်းပခဲ့**

အခမ်းအနားသို့ ခရိုင်/ မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ သင်တန်းဆရာ ဆရာမများ၊ အက်ရှင်အေ့(ဒ်)မြန်မာမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ဆွေးနွေးကြပြီး အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၉ ရက်မှ ၃၁ရက်အထိ ကျင်းပခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

# တောင်ငူမြို့၌ သစ်တောဥပဒေဆိုင်ရာ ရှင်းလင်း

**တောင်ငူ နိုဝင်ဘာ ၃**

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန တောင်ငူမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းနိုင်(၃) နှင့် တောအုပ်ကြီး ဦးလှဌေးတို့ဦးဆောင်သော သစ်တောဝန်ထမ်းများအဖွဲ့သည် အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီက ကင်းဆိပ်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အချက်အလက်များ၊ သစ်တောဥပဒေဆိုင်ရာ အချက်အလက်များအား ရှင်းလင်းပြောကြားပြီးနောက် တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ပုသိမ်မြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်

**ပုသိမ် နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့နှင့် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနတို့ကြီးမှူး၍ ပုသိမ်မြို့၌ မြို့နယ်လုံးဆိုင်ရာ မီးဘေးကြိုတင်တားဆီးကာကွယ်ရေးအဖွဲ့များဖွဲ့စည်းပြီး ရပ်ကွက်များအလိုက် မီးသတ်ရေကန်၊ ရေတွင်းများ တည်ဆောက်လျက်ရှိရာ အောက်တိုဘာ ၂၂ ရက်က အမှတ် (၄)ရပ်ကွက် အောင်ဇေယျကွန်ကရစ်လမ်းသစ်၌ တည်ဆောက်လျက်ရှိသော မီးသတ်ရေတွင်း၊ ရေကန်ကြီးများကို တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ (၀၇၇)

## သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

4-11 (02).pmd 1 11/4/2011, 3:42 AM





**ရင်းရင်းနှီးနှီး နှုတ်ဆက်**

**ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း ရေဝတီဘောလုံး အကယ်ဒမီကျောင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

◆ **ရှေ့ဖုံးမှ**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်၊ ဒုတိယ ဝန်ကြီးများ၊ ရေဝတီတိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အာရှဘောလုံးအဖွဲ့ချုပ် (AFC)မှ General Secretary Dato Alex Soosay၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ရေဝတီယူနိုက်တက်ဘောလုံးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ရေဝတီ ဘောလုံးအကယ်ဒမီသင်တန်း ကျောင်း အုပ်ချုပ်မှုအရာရှိနှင့် ရေဝတီ ဘောလုံး အကယ်ဒမီကျောင်းသားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ ရေဝတီဘောလုံးအကယ်ဒမီကို ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အာရှဘောလုံးအဖွဲ့ချုပ် (AFC) မှ General Secretary Dato Alex Soosay နှင့် ရေဝတီယူနိုက်တက် ဘောလုံးအသင်းဥက္ကဋ္ဌ ဦးရန်ဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက ရေဝတီဘောလုံး အကယ်ဒမီ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ရေဝတီဘောလုံး အကယ်ဒမီခန်းမ၌ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ရေဝတီ ဘောလုံးအကယ်ဒမီ ဖြစ်ပေါ်လာပုံနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အာရှ ဘောလုံးအဖွဲ့ချုပ် (AFC)မှ General Secretary Dato ALex Soosay က ရေဝတီဘောလုံးအကယ်ဒမီအတွက်

**ကျင်းပ**

**ပုသိမ်မြို့ရှိ ရေဝတီဘောလုံး အကယ်ဒမီ ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။** (သတင်းစဉ်)

လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရေဝတီဘောလုံး အကယ်ဒမီအတွက် အာရှဘောလုံး အဖွဲ့ချုပ် (AFC)မှ General Secretary Dato ALex Soosay က အမေရိကန် ဒေါ်လာ (၂၅၀၀၀၀) နှင့် ရေဝတီ ဖောင်ဒေးရှင်းဒုတိယဥက္ကဋ္ဌဦးအုန်းကျော် က အမေရိကန်ဒေါ်လာ ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ရေဝတီ ဘောလုံးအကယ်ဒမီနှင့် သက်ဆိုင်သော စာရွက်စာတမ်းများနှင့် ဘောလုံး၃၀၀ကို လွှဲပြောင်းပေးအပ်လှူဒါန်းရာ ရေဝတီ ယူနိုက်တက်ဘောလုံးအသင်း ဥက္ကဋ္ဌ ဦးရန်ဝင်းက လက်ခံသည်။

ယင်းနောက် ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းက အမှာစကားပြောကြား ရာ၌ ဘောလုံးအားကစားသည် မိမိတို့ နိုင်ငံ၏ အားကစားဖြစ်ကြောင်း၊ လူကြီး လူငယ်အားလုံး၊ မြို့နေတောနေလူထု အားလုံး ဆင်းရဲချမ်းသာမရွေး သိရှိစိတ် ဝင်စားသည့်အတွက် နိုင်ငံအသည်းစွဲ အားကစားတစ်ခုဖြစ်ကြောင်း။

**တစိုက်မတ်မတ်**

ဘောလုံး အားကစားနည်းသည် မြန်မာနိုင်ငံတွင် တစ်မျိုးသားလုံး တစိုက် မတ်မတ် နှစ်သက်စွာကစားခဲ့သည့် အား ကစားဖြစ်ပြီး ၁၉၆၀နှင့် ၁၉၇၀ ခုနှစ် များတွင် မြန်မာနိုင်ငံ၏ ဘောလုံး အားကစားသည် အာရှတွင် ထိပ်တန်း ဘောလုံးနိုင်ငံအဖြစ်ရပ်တည်နိုင်ခဲ့သည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း။

အာရှလူငယ်ချန်ပီယံ၊ အရှေ့တောင် အာရှ ချန်ပီယံ၊ မာဒေးကား၊ ပတ်ချုံဟီး၊ ဂျကာတာစသည့် ချန်ပီယံဆုများ (၂၉)ကြိမ် အထိ အောင်ပန်းဆင်နိုင်ခဲ့ပြီးနောက်ပိုင်း လုံးဝကိုနစ်မြုပ်သွားခဲ့ကြောင်း၊ ၎င်းကြား တွင် ကြာကြာနေမှ တစ်ခါဆိုသလို ကျိုးတို့

ကျဲတဲအောင်ပွဲရခြင်းများ ရှိခဲ့သော်လည်း ယခင်အခါတုန်းကကဲ့သို့ ထိတ်ထိတ်ကြ မဟုတ်တော့ကြောင်း။

မြန်မာဘောလုံးနောက်ဆုံးအောင်မြင်မှု ရခဲ့သည့်ပွဲမှာ ယခုနှစ် အောက်တိုဘာလ က ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့သည့် U-21 ဘောလုံးပြိုင်ပွဲဖြစ်ကြောင်း၊ ယင်းကဲ့သို့ အောင်နိုင်ခဲ့သည့်အတွက် အားကစားသမားများ၊ နည်းပြများ၊ အုပ်ချုပ်သူများအပါအဝင် ပံ့ပိုးကူညီခဲ့သူ များအားလုံးကို နိုင်ငံကိုယ်စား ဂုဏ်ယူ ဝမ်းမြောက်ကြောင်း ပြောကြားလိုကြောင်း၊ သို့သော် နိုင်ငံတော်ဘက်ကရော ပြည်သူ

ခုနှစ် ဘောလုံးအောင်မြင်မှုများသည် ပုံမှန်အပျော်တမ်း အားကစားထက် အနည်းငယ်မြှင့်တင်၍ အာရုံစူးစိုက် ကြိုးစားလေ့ကျင့်ခဲ့ခြင်းနှင့် ဘောလုံး အားကစားသမားများ၏ ပင်ကိုကြိုးစား အားထုတ်မှုကြောင့် အောင်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း။

**ပြောင်းလဲကျင့်သုံး**

နိုင်ငံတကာတွင် နောက်ပိုင်းဆယ်စု နှစ်များ၌ ဘောလုံးအားကစားခြင်းကို အပျော်တမ်းလို သဘောမထားကြတော့ဘဲ အသက်မွေးဝမ်းကျောင်း လုပ်ငန်းသဖွယ်


ခန္ဓာကိုယ် အစိတ်အပိုင်းကို သန်မာကြံ့ခိုင် အောင် ပိုမိုလေ့ကျင့်ပေးခြင်း၊ ဖြတ်ထိုး ဉာဏ် သုံးနိုင်ရန်အတွက် ပညာရေးကို လည်း အားကစားနှင့်ပေါင်းစပ်ပြီး ဦးစား ပေး ထည့်သွင်းသင်ကြားပေးခြင်း၊ ပွဲ အတွေ့အကြုံများများရရန် ဆောင်ရွက် ခြင်း၊ စိတ်ဓာတ်ရေးရာအရ နိုင်သည် ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ လက်သင့်ခံပြီး မိမိအားနည်းချက်ကို ပြုပြင်ရန် ဝန်မလေး ခြင်း၊ စည်းကမ်းသေဝပ်ခြင်း စသည် တို့သည် လိုအပ်ချက်အရ စာတွေ့လက် တွေ့နှင့် ပြောင်းလဲကျင့်သုံးလာခြင်းပင် ဖြစ်ကြောင်း။

အကယ်ဒမီသည် ယခုမှ စတင်ဖွင့်လှစ် သည်ဆိုသော်လည်း လာမည့်နှစ်အနည်း ငယ်အတွင်း ဘောလုံးအားကစားသမား များ၊ နည်းပြများ၊ အုပ်ချုပ်သူများ၊ ဦးဆောင်ပံ့ပိုးသူများ၏ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ စည်းကမ်းနှင့် စိတ်ဓာတ်ကြံ့ခိုင်စွာကြိုးပမ်းမှု များကြောင့် မကြာမီတွင် နိုင်ငံတော်က အားထားရမည့် နိုင်ငံကျော်ဘောလုံး အကယ်ဒမီတစ်ခု ဖြစ်လာမည်လို့ ယုံကြည် ကြောင်း။

**ကူညီပံ့ပိုး**

နိုင်ငံတော်ဘက်ကလည်း ဘောလုံး အကယ်ဒမီများ၏ လိုအပ်ချက်များကို တတ်အားသရွေ့ကူညီပံ့ပိုးသွားမှာဖြစ်ပြီး လိုအပ်ချက်များရှိပါကလည်း ချက်ချင်း တင်ပြသွားကြရန်နှင့် အားကစားဝန်ကြီး ဌာနနှင့်ပေါင်းစပ်ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ရေဝတီဘောလုံးအကယ်ဒမီမှ အောင်မြင်ကျော်ကြားသော ဘောလုံး အားကစားမိသားစုများအဖြစ် အမြန်ဆုံး

**ရေဝတီဘောလုံး အကယ်ဒမီကို ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦး သိန်း အောင်၊ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အာရှ ဘောလုံး အဖွဲ့ချုပ် (AFC) မှ General Secretary Dato Alex Soosay နှင့် ရေဝတီ ယူနိုက်တက်ဘောလုံး အသင်းဥက္ကဋ္ဌဦးရန်ဝင်း တို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)



တစ်ရပ်လုံးကပါ အားမလိုအားမရ ဖြစ်နေသေးသည့်အတွက် ယခုထက်မက ဆက်လက်ကြိုးစားကြရဦးမှာဖြစ်ကြောင်း။

**ကြိုးစားလေ့ကျင့်**

မြန်မာ့ဘောလုံးလောကကို ပြန်လည် ဆန်းစစ်ကြည့်မည်ဆိုလျှင် ပြောင်းလဲ လာသည့် ခေတ်နှင့်အတူ မြန်မာ့ဘောလုံး လောကမှီအောင်မလိုက်နိုင်၊ မပြောင်းလဲ နိုင်ခဲ့သည်ကို တွေ့ခဲ့ရကြောင်း၊ ယခင် ဆယ်စုနှစ်များစွာဖြစ်သည့် ၁၉၆၀-၁၉၇၀

အားသွန်ခွန်စိုက် စေ့စေ့စပ်စပ် တွက် ချက်၍ ဆောင်ရွက်လာခဲ့ကြကြောင်း၊ ယခုကဲ့သို့ ဘောလုံးအကယ်ဒမီကျောင်း များ မြောက်မြားစွာဖွင့်လှစ်၍ ခြေစွမ်း ခြေစရှိသူများအား အသက် ၁၀ နှစ်ကျော် အရွယ်ကစပြီး စနစ်တကျ၊ သိပ္ပံနည်းကျ စာတွေ့လက်တွေ့ သင်ကြားလေ့ကျင့် ခြင်း၊ အကောင်းဆုံးနည်းပြများကို ရှာဖွေ အသုံးပြုခြင်း၊ လူ့ခန္ဓာကိုယ်ဖွဲ့စည်းပုံအရ ဘောလုံးကို အထောက်အကူပြုသည့်

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ ဘောလုံးလောကထဲ ပြန်လည်တိုးဝင်ပြီး အောင်ပန်းများ ဆွတ်ခူးမည်ဆိုလျှင် ပြောင်းလဲမှုများကို ပြုလုပ်ရမှာဖြစ်ကြောင်း၊ ထို့ကြောင့်ယခုကဲ့သို့ အကယ်ဒမီကျောင်း များ မြောက်မြားစွာ ဖွင့်လှစ်ရန် လိုအပ်လာ သည်နှင့်အမျှ ယခုရေဝတီဘောလုံး အကယ်ဒမီဖွင့်ပွဲကို မရောက်ရောက်အောင် လာရောက်အားပေး ဂုဏ်ပြုချီးမြှင့်ခြင်း ပင်ဖြစ်ကြောင်း၊ ရေဝတီဘောလုံး

ရောက်ရှိနိုင်ကြပါစေလို့ ဆန္ဒပြုကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် ရေဝတီဘောလုံးအကယ်ဒမီ အဆောက် အအုံအတွင်း လှည့်လည်ကြည့်ရှုကြပြီး ရေဝတီဘောလုံးအကယ်ဒမီ ကျောင်းသား များ၏ သရုပ်ပြမှုများကို ကြည့်ရှုအားပေး ကြကာ အမှတ်တရစုပေါင်းဓာတ်ပုံရိုက် ကြသည်။ **(သတင်းစဉ်)**



**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**


**လူညွန့်တုံးစေသောအရာ**

- ယနေ့အချိန်အခါတွင် လူငယ်ထုအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှု သိသိသာသာ မြင့်မားလျက်ရှိကြောင်း တွေ့ရှိရသည်။
- မူးယစ်ဆေးဝါးကြောင့် လူညွန့်တုံးရသည်။
- မူးယစ်ဆေးဝါးကြောင့် မိကွဲ၊ ဖကွဲဖြစ်ကြရသည်။
- မူးယစ်ဆေးဝါးသည် မှတ်ဉာဏ်ကို ထိုင်းမှိုင်းစေသည်။
- ဝိသမလောဘသားများက ဘယ်သူသေသေ၊ ငတေမာပြီးရော စိတ်စေတနာဆိုးဖြင့် လူငယ်များအား မူးယစ်ဆေးဝါးများသုံးစွဲချင်လာအောင် သွေးဆောင်ဖြားယောင်းလျက်ရှိသည်။
- မူးယစ်ဆေးဝါးကို လုံးဝလက်တည့်စမ်း၊ သုံးစွဲခြင်းမပြုသင့်။
- စွဲတတ်စေသော အရာများဖြစ်သဖြင့် မြည်းစမ်းခြင်းလည်း မပြုသင့်။
- မူးယစ်ဆေးဝါးကို ရှောင်ကြဉ်ပြီး လူကောင်း၊ လူတော်၊ လူရည်မွန်များဖြစ်အောင် ကြိုးစားကာ မိမိပတ်ဝန်းကျင်နှင့် မိမိနိုင်ငံကို အကျိုးပြုကြရမည်။

**ပြည်သူများအားပညာပေးလှုံ့ဆော်ရေးအဖွဲ့**
**မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့**

*✻ ကျောဖုံးမှ*

ဖြစ်စဉ်ဖြစ်ရပ်များသည် တစ်ဦးတစ်ယောက်၏ဂုဏ်သိက္ခာ၊ လွှတ်တော်များ၏ ဂုဏ်သိက္ခာနိမ့်ကျရေးအတွက် ဆောင်ရွက်ခြင်းမဟုတ်ဘဲ လွှတ်တော်များ၏ဂုဏ်သိက္ခာ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ဂုဏ်သိက္ခာ၊ လွှတ်တော်နာယကနှင့် ဥက္ကဋ္ဌများ၏ ဂုဏ်သိက္ခာမြင့်မားရေးအတွက် ဆောင်ရွက်နေသည်ဟု ယူဆရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းကိုပြန်ကြည့်လျှင် အထက်တွင်တင်ပြခဲ့သည့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်ခြင်းကို မိမိတို့နိုင်ငံတွင် အမှန်တကယ်ကျင့်သုံးလျက်ရှိပြီး ဒီမိုကရေစီစနစ်ကို ပီပြင်စွာမဆောင်ရွက်နိုင်သေးဘူးဟု အခြားသောအဖွဲ့အစည်းများက မည်သို့ပင်ပြောစေကာမူ မိမိတို့လွှတ်တော်၌ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးနိုင်သည့် အခွင့်အလမ်းများရှိနေသည်ဆိုခြင်းကို ကြည့်မြင်ခြင်းအားဖြင့် လွှတ်တော်၏ ဂုဏ်သိက္ခာသည်လည်း မြင့်မားနေမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြောဆိုဆွေးနွေးဆောင်ရွက်နေမှုများသည် ဂုဏ်သိက္ခာမြင့်မားရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်သည်ဟု ယုံကြည်သည်နှင့်အညီ မိမိတို့သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှန်မှန်ကန်ကန်ဆောင်ရွက်သွားရန်သာရှိပါကြောင်း၊ ၎င်းအပေါ်မူတည်၍ အချို့ အဓိပ္ပာယ်ကောက်မှားပြီး ပြောဆိုနေမှုများရှိပါကလည်း ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်သဘောထားကွဲနေပြီဆိုသည့်နေရာတွင် အမြင်မတူညီခြင်းရှိကောင်းရှိနိုင်မည်ကို သိရှိရန်လိုအပ်ပါကြောင်း၊ သို့ရာတွင် ရန်ဖြစ်နေခြင်းမဟုတ်သည်ကိုလည်း အားလုံးနားလည်ရန်လိုအပ်ပါကြောင်း၊ ယနေ့အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးတစ်ဦးလည်းရှိသည့်အတွက် လွှတ်တော်အတွင်း ယခုကဲ့သို့စေတနာဆန္ဒနှင့်လုပ်ဆောင်နေသည်ကို ပြည်ထောင်စုအစိုးရ၏ကိုယ်စား ကြားသိနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

## ဝိုင်းဝန်းကြိုးပမ်း

**အဆိုတင်သွင်းဆွေးနွေးခြင်းကဏ္ဍ** တွင် အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူက **ကချင်ပြည်နယ်အတွင်း လက်ရှိဖြစ်ပေါ်နေသော လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး စစ်ဘေး၊ စစ်ဒဏ်မှ တိမ်းရှောင်နေရသော ပြည်သူများ မိမိတို့နေရပ်သို့ ပြန်လည်အခြေပြု ရောက်ရှိနေထိုင်ရေးနှင့်ပြည်သူ့ဘဝလုံခြုံစိတ်ချကာ ထာဝရငြိမ်းချမ်းရေးနှင့်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန်ယုံကြည်မှု တည်ဆောက်ပြီး အမြန်ဆုံးညှိနှိုင်းဆွေးနွေးမှုများ ကြိုးပမ်းအကောင်အထည်ဖော်ပေးရေးအတွက် ဤလွှတ်တော်ကတိုက်တွန်းကြောင်း**အဆိုကိုတင်သွင်းရာတွင် ကချင်ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒုက္ခရောက်နေသူများအား ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်တွင်းပြည်ပလူမှုရေးအဖွဲ့အစည်းအသီးသီး၊ ပါတီပေါင်းစုံနှင့်သီးသန့် အလှူရှင်များက ကူညီထောက်ပံ့မှုများစွာကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ကြောင့် လတ်တလောအနေဖြင့် အဆင်ပြေမှုရှိနိုင်သော်လည်း ရေရှည်အတွက် အခက်အခဲများစွာကြုံနိုင်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ ကယ်ဆယ်ရေးစခန်းများ၌ ခိုလှုံနေကြသော သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးသူငယ်များသည် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ၊ ဖျားနာခြင်းများနှင့် တွေ့ကြုံနေကြရပါကြောင်း၊ သို့ဖြစ်၍ ၎င်းတို့အနေဖြင့် မိမိနေအိမ်များသို့ ပြန်လည်ရောက်ရှိနေထိုင်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြရန် အထူးပင်လိုအပ်လှပါကြောင်း။

**လက်ရှိအခြေအနေထက် ပိုမိုဆိုးရွားသော ပဋိပက္ခများမပေါ်ပေါက်မီ နှစ်ဖက်အပစ်အခတ် လုံးဝရပ်စဲကာတွေ့ဆုံဆွေးနွေးမှုများကို အမြန်ဆုံးဆောင်ရွက်သင့်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာ၌ နှစ်ဦးနှစ်ဖက်အပြန်အလှန်ယုံကြည်မှုကို အခိုင်အမာတည်ဆောက်ပြီး ညှိနှိုင်းဆွေးနွေးရန်လည်းလိုပါကြောင်း၊ အပြန်အလှန်ယုံကြည်မှုရှိမှ အပစ်အခတ်ရပ်စဲနိုင်မည်ဖြစ်ပြီး အပစ်အခတ်ရပ်စဲနိုင်မှ ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းနိုင်မည်**



အင်ဂျန်းယန် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူ အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)



ဖာဆောင်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်တင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

**ဖြစ်ပါကြောင်း၊ ညှိနှိုင်းဆွေးနွေးမှုကို အောင်မြင်စွာဆောင်ရွက်နိုင်ပါက ထာဝရငြိမ်းချမ်းရေးနှင့်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်တာများကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်းဖြင့် တင်သွင်းသည်။**

ယင်းအဆိုနှင့်စပ်လျဉ်း၍ တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေ၊ မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး၊ မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော်၊ ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင်နှင့် ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော်တို့က ဆွေးနွေးကြရာတွင် ဒီမိုကရေစီနိုင်ငံတော်ကြီးအတွင်း တည်ငြိမ်အေးချမ်းသောဘဝကိုရယူလိုသောဆန္ဒသည် ပြည်သူများ လိုလားသောဆန္ဒပင်ဖြစ်ပါကြောင်း၊ KIO/KIA ညီနောင်များအနေဖြင့် ကချင်ပြည်နယ် ငြိမ်းချမ်းတည်ငြိမ်ရေးအတွက် နိုင်ငံတော်ကလက်ကမ်းကြိုဆိုလျက်ရှိသော ငြိမ်းချမ်းရေးလမ်းစဉ်ကိုလက်ခံပြီး ဆွေးနွေးပွဲ စားပွဲသို့လာရောက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေး အဓွန့်ရှည်ရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် မဖြစ်မနေ ဆောင်ရွက်သွားရမည့်ကိစ္စဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဤအဆိုကို အလေးအနက်ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးကြသည်။

## လေးနက်စွာခံယူ

ဒေါ်ဒွဲဘူ၏အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက **ပြည်ထောင်စုအစိုးရသည် ပြည်သူလူထု၏ အကျိုးစီးပွားကို ထာဝရဦးထိပ်ပန်ဆင်သည့်သဘောထားကို မြဲမြံစွာခံယူထားပါကြောင်း၊ ပြည်သူတို့၏အသက်အိုးအိမ်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့်အေးချမ်းသာယာပြီးဖွံ့ဖြိုးတိုးတက်ရေးတို့သည် မည်သည့်အခါမျှ ပြောင်းလဲမည်မဟုတ်သော ထာဝရရည်မှန်းချက်များပင်ဖြစ်ပါကြောင်း၊ ပြည်သူအများ လိုလားတောင့်တသည့် နိုင်ငံရေး၏အနှစ်သာရသည်လည်း ငြိမ်းချမ်းရေးပင်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးရရှိမှသာ တရားဥပဒေဖြစ်ထွန်းမည်ဖြစ်ပြီး ထိုမှတစ်ဆင့် ဒီမိုကရေစီထွန်းကားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းဆီသို့ ဆောင်ကြဉ်းနိုင်မည်ဟုလည်း လေးနက်စွာခံယူထားပါကြောင်း။**

**ငြိမ်းချမ်းရေးကိုဖျက်ဆီးသည့်အရာသည် လက်နက်ကိုင်လမ်းစဉ်ပင်ဖြစ်ပါကြောင်း၊ အတိတ်မှအကြောင်းဖြစ်ရပ်အမျိုးမျိုးကြောင့် ပေါ်ပေါက်ခဲ့သောနိုင်ငံရေးကို လက်နက်ကိုင်လမ်းစဉ်ဖြင့်ဖြေရှင်းမှုသည် မိမိတို့နိုင်ငံ၏ အဓိကစိန်ခေါ်မှုတစ်ရပ်အဖြစ် ဖြစ်တည်နေခဲ့ဖြစ်ပါကြောင်း၊ ယနေ့ကာလတွင် မြန်မာနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်နှစ်ရပ်ပေါ်ထွန်းပြီးဖြစ်သည့်အားလျော်စွာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြဿနာအရပ်ရပ်ကို ပြည်သူ့ကိုယ်စားလှယ်အသီးသီးက ပြည်သူလူထုအား ကိုယ်စားပြုလျက် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လွှတ်တော်များတွင် မျက်နှာစုံညီညှိနှိုင်းအဖြေရှာ၍ ဥပဒေပြုကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို ပကတိအမှန်တရားအဖြစ် တွေ့မြင်နိုင်မည်ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံရေးကိုလက်နက်ကိုင်လမ်းစဉ်ဖြင့် ဖြေရှင်းရမည့်အခြေအနေ မဟုတ်တော့သည်ကို အလေးအနက်ခံယူရန် လိုအပ်မည်ဖြစ်ပါကြောင်း။**



ရှင်းလင်းဆွေးနွေး

နယ်စပ်ရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

## ခံစားတွေ့မြင်

တပ်မတော်အစိုးရလက်ထက်တွင် လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်သည့် အစီအစဉ်များကြောင့် သက်ဆိုင်ရာအဖွဲ့အစည်းများသာမက ဒေသခံပြည်သူလူထု တစ်ရပ်လုံးကပါ ငြိမ်းချမ်းရေး၏အနှစ်သာရဖြစ်သော တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများရရှိခဲ့သည့်သာဓကများကိုလည်း လက်တွေ့ခံစားတွေ့မြင်ခဲ့ရပြီးဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအနေဖြင့် **မြန်မာ့တပ်မတော်နှင့် KIA တို့၏ ၉-၆-၂၀၁၁ရက်မှ စတင်ဖြစ်ပွားသောပစ်ခတ်တိုက်ခိုက်မှုများကို ရပ်ဆိုင်းရန်နှင့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် အထူးကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာ့တပ်မတော်သည်လည်း ငြိမ်းချမ်းရေးကို ရှေးရှုလျက် ၁၈-၆-၂၀၁၁ရက် ညနေ ၆ နာရီမှ စတင်၍ တစ်ဖက်သတ်အပစ်အခတ်ရပ်စဲမှုကို စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ကချင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုအဖွဲ့ကိုဖွဲ့စည်းပေးခဲ့ပြီး KIA ၊ KIO အဖွဲ့များနှင့်ဆွေးနွေးကာ နှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုများ ရပ်ဆိုင်းရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးရန်နှင့် ထိုမှတစ်ဆင့် ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေး၊ တစ်နည်းအားဖြင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် ဆက်လက်ဆွေးနွေး အကောင်အထည်ဖော်သွားရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း။**

ကချင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုအဖွဲ့သည် ၂၀၁၁ခုနှစ် ဇွန်လ(၃၀)ရက်မှ ဩဂုတ်(၂၄)ရက်အထိ တွေ့ဆုံဆွေးနွေးမှု(၃)ကြိမ်နှင့်စာဖြင့်အပြန်အလှန်ဆက်သွယ်မှု (၂၁)ကြိမ် ဆောင်ရွက်ခဲ့ပါကြောင်း၊ KIO အဖွဲ့၏လိုလားချက်၊ တောင်းဆိုချက်အားလုံးကိုလည်း ပြည်ထောင်စုအစိုးရက ငြိမ်းချမ်းရေးကိုရှေးရှုလျက် အစွမ်းကုန်လိုက်လျောပေးခဲ့ခြင်းဖြင့် နှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုများ ရပ်ဆိုင်းရေးသဘောတူညီချက်မူကြမ်းကို အပြီးသတ်နိုင်ခဲ့ပါကြောင်း၊ သဘောတူညီချက်လက်မှတ်ရေးထိုးပွဲအခမ်းအနားကျင်းပမည့်အစီအစဉ်များ၊ တက်ရောက်ကြမည့် မြို့မိမြို့ဖများ၊ ဘာသာရေးခေါင်းဆောင်များ၊ လူထုလူတန်းစားအသီးသီး၏ အကြီးအကဲများကိုပင် ဖိတ်ကြားရန် သတ်မှတ်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

## ထုတ်ပြန်ကမ်းလှမ်း

ယင်းအခြေအနေတွင် KIO၊ KIA အဖွဲ့အနေဖြင့် နိုင်ငံရေးမျှော်လင့်ချက်ကို တစ်ဆင့်တိုးမြှင့်လျက် UNFC ကဦးဆောင်ပြီး ငြိမ်းချမ်းရေးကိုဆောင်ရွက်ရန် သဘောထားကိုအကြောင်းပြကာ သဘောတူညီချက် လက်မှတ်ရေးထိုးရေးကိစ္စကိုဆိုင်းငံ့ခဲ့ခြင်းကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေသို့ရောက်ရှိနေခဲ့ခြင်းဖြစ်ပါကြောင်း၊ တစ်ဖက်တွင်လည်း KIA အဖွဲ့အနေဖြင့် ၂-၈-၂၀၁၁ ရက်တွင် အပြစ်မဲ့ပြည်သူ(၇)ဦးကို အကြောင်းမဲ့ပစ်ခတ်ခဲ့ခြင်းနှင့် ဗန်းမော်-မြစ်ကြီးနားကားလမ်းကိုပိတ်ဆို့ရန် ရည်ရွယ်ချက်ဖြင့် စစ်ရေးဆောင်ရွက်မှုများ၊ ဖောက်ခွဲဖျက်ဆီးမှုများကို အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ပါကြောင်း၊ မည်သို့ပင်ဆိုစေကာမူ ပြည်ထောင်စုအစိုးရအနေဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်လုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအကျိုးစီးပွားကို ဦးထိပ်ထား၍ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုသဘောထားကို ပြောင်းလဲခြင်း မရှိပါကြောင်း၊ ပြည်ထောင်စုအစိုးရအနေဖြင့် တိုင်းရင်းသားညီအစ်ကိုများအချင်းချင်း လက်နက်ကိုင်နည်းလမ်းဖြင့် ဖြေရှင်းလိုသည့် သဘောထားအလျှင်းမရှိဘဲ မှန်ကန်သည့်စေတနာ၊ မြော်မြင်သည့်အသိ၊ နားလည်စာနာသည့်စိတ်ထားများဖြင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်အောင် ဆွေးနွေးညှိနှိုင်းဆောင်ရွက်လိုသည့်သဘောထားကိုသာ ခံယူလက်ခံထားရှိပါကြောင်း၊ အခြေခံဥပဒေနှင့်အညီ အသွင်ကူးပြောင်းခြင်းမပြုကြသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးအတွက် ငြိမ်းချမ်းရေးကမ်းလှမ်းချက်ကို ၁၈-၈-၂၀၁၁ရက်က ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြေညာချက်အမှတ်(၁/၂၀၁၁) ဖြင့် ထုတ်ပြန်ကမ်းလှမ်းခဲ့ပြီးဖြစ်ပါကြောင်း။

**ယင်းကမ်းလှမ်းချက်နှင့်အညီ ပြည်ထောင်စုအစိုးရအနေဖြင့် အခြားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဖြစ်ကြသည့် 'ဝ'၊ ရှမ်း၊ ကရင်၊ မွန်အဖွဲ့များနှင့်ဆောင်ရွက်ရာတွင် ပထမအဆင့်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆွေးနွေးပွဲများဆောင်ရွက်ပြီး နှစ်ဖက်အပစ်အခတ် ရပ်စဲရေး၊ နှစ်ဖက်သော လက်နက်ကိုင်အဖွဲ့အစည်းများ တစ်ဖက်ထိန်းသိမ်းထားသောနယ်မြေအတွင်း သွားလာလိုပါက ကြိုတင်ခွင့်ပြုချက်ရယူရေး၊ စစ်အင်အားတိုးချဲ့ခြင်းနှင့်စစ်ရေးလှုပ်ရှားမှုများ မပြုလုပ်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ရေးစသည့် ပဏာမငြိမ်းချမ်းရေးသဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပါကြောင်း။**

ပဏာမသဘောတူညီချက်ရရှိပြီးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရာတွင် ပြည်ထောင်စုအတွင်းမှခွဲထွက်ခြင်းမပြုရေးနှင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ရေး၊ နှစ်ဖက်ဆက်ဆံရေးရုံးများဖွင့်လှစ်ကာ ပုံမှန်ဆက်ဆံမှုပြုလုပ်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဆက်သွယ်ရေး၊ လျှပ်စစ်ရရှိရေး၊ အထောက်အကူပြုနိုင်ငံ့ဝန်ထမ်းများ စေလွှတ်ပေးရေး၊ စီးပွားရေးနှင့်အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အတူတကွပူးပေါင်းဆောင်ရွက်သွားရေးတို့ကိုအဓိကညှိနှိုင်းခဲ့ရာ ယခုအခါတွင် 'ဝ'အထူးဒေသ(၂)၊ မိုင်းလားအထူးဒေသ(၄)အဖွဲ့များနှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ပဏာမသဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း။

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ထာဝရငြိမ်းချမ်းရေးဆိုသည်မှာ တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်နေထိုင်ရေးပင်ဖြစ်သည်ကို ပကတိအမှန်တရားအရခံယူရမည်ဖြစ်ပါကြောင်း၊ တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်မည်ဆိုပါက လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ရန်လိုအပ်သည်မှာလည်း ရှောင်လွှဲ၍မရသောဖြစ်စဉ်တစ်ရပ်ပင်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားညီအစ်ကိုများအကြား လက်နက်ကိုင်ဖြေရှင်းမှုဖြင့် ငြိမ်းချမ်းရေးရနိုင်မည်မဟုတ်သည်ကို လွတ်လပ်ရေးရရှိခဲ့ပြီးနောက် နှစ်ပေါင်း(၆၀)ကျော်ကာလက သက်သေပြခဲ့ပြီးဖြစ်သည့်အပြင် မြန်မာနိုင်ငံအနေဖြင့်အစားထိုး၍မရနိုင်သည့် ဆုံးရှုံးမှုများကို အတိတ်သင်ခန်းစာများအဖြစ် ခံစားခဲ့ရပြီးဖြစ်ပါကြောင်း၊ ယင်းအမွေဆိုးများကို မိမိတို့၏အနာဂတ်မျိုးဆက်သစ်များအား ဆက်လက်လက်ဆင့်ကမ်းပေးခြင်း မဖြစ်သင့်သည်ကို ကြီးမားသောသတိတရားဖြင့်ရှုမြင်ဆင်ခြင်အပ်ပါကြောင်း၊ လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်မည်ဆိုပါက တိုင်းရင်းသားညီအစ်ကိုများ၏ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို နိုင်ငံတော်နှင့်အစိုးရက အပြည့်အဝတာဝန်ယူပေးရမည်မှာ ဧကန်မလွဲပင်ဖြစ်ပါကြောင်း။**

ကချင်ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခများကြောင့် နယ်မြေလုံခြုံမှုရှိသော ဒေသများသို့ ရွှေ့ပြောင်းရောက်ရှိလာကြသော အိမ်ထောင်စု(၁၃၉၇)စုမှ လူဦးရေ(၅၅၈၀)အတွက် ၂၀၁၁ခုနှစ် ဇွန်လမှ စက်တင်ဘာအထိ ကယ်ဆယ်ရေးစခန်း(၃၈)ခု ဖွင့်လှစ်ပြီး စားသောက်နေထိုင်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများတွင် ထောက်ပံ့ကူညီပေးခဲ့ပါကြောင်း၊ ငွေကျပ် (၃၈၃၁၀၄၀၀)နှင့် တန်ဖိုးငွေကျပ် (၉၃၇၈၇၈၈၆) ရှိ ပစ္စည်းများကို ပထမအကြိမ်ထောက်ပံ့ပေးခဲ့ပါကြောင်း၊ ထို့ပြင် UN အဖွဲ့အစည်းများ၊ INGO၊ NGO အဖွဲ့အစည်းများနှင့် ညှိနှိုင်းအစည်းအဝေးပြုလုပ်ပြီးနောက် စက်တင်ဘာ (၂၀)ရက်မှစပြီး WFP က ဆန်(၁၅၀၇)အိတ်၊ ကုလားပဲ(၆၂၄၈)ပိဿာ၊ ဆီ(၃၁၉၃)ပိဿာ၊ ဆားပိဿာ (၅၂၀) တို့ကိုထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ရေနှင့်သန့်ရှင်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ အစားအစာ၊ အမိုးအကာ အစရှိသည်များကို ကူညီထောက်ပံ့ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

**နယ်စပ်ဒေသများ၏တည်ငြိမ်ရေး၊ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးတို့သည် ယင်းဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးအပေါ် များစွာဆက်စပ်တည်မှီလျက်ရှိသကဲ့သို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်နိုင်ရန်အတွက် အေးချမ်းတည်ငြိမ်ရေးနှင့်တရားဥပဒေစိုးမိုးရေးသည် မရှိမဖြစ်အဓိကအရေးကြီးသော လိုအပ်ချက်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ တိုင်းရင်းသားအဖွဲ့အစည်းများသည် လူမျိုးစွဲ၊ ဒေသစွဲ အယူအဆများကို စွန့်လွှတ်လျက် တစ်ဦးနှင့်တစ်ဦးနားလည်မှုရယူကာ ပွင့်လင်းစွာဆွေးနွေးတိုင်ပင်၍ ဒေသအကျိုး၊ နိုင်ငံအကျိုး ဆောင်ရွက်သွားကြမှသာ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိမည်ဖြစ်ပါကြောင်း၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့်ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း။**

## အလေးအနက်ယုံကြည်

ပြည်ထောင်စုအစိုးရအနေဖြင့် ကချင်ပြည်နယ်တွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ ပြည်သူများ၏ဘဝလုံခြုံစိတ်ချရေး၊ ထာဝရငြိမ်းချမ်းရေးနှင့်ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေးတို့ကို အလွန်ပင်လိုလားပါကြောင်း၊ အပြန်အလှန်ယုံကြည်မှုတည်ဆောက်ပြီး ငြိမ်းချမ်းစွာဖြေရှင်းရမည်ဟုလည်း အလေးအနက်ယုံကြည်ပါကြောင်း၊ ငြိမ်းချမ်းရေးတံခါးကိုလည်း အစဉ်အမြဲဖွင့်လှစ်ထားပြီး KIA၊ KIO ဘက်မှဆွေးနွေးလာပါက လက်ခံရန်အသင့်ရှိနေကြောင်း၊ နှစ်ဦးနှစ်ဖက်ဆွေးနွေး အဖြေရှာခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်ဟု အလေးအနက်ယုံကြည်ပါကြောင်း။

ယခုဖြစ်ရပ်နှင့်အခြေအနေများကိုသုံးသပ်ပါက ကချင်ပြည်နယ်တွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးနှင့်ထာဝရငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်တွေ့ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ တစ်ခုတည်းမှ ဆောင်ရွက်ရုံမျှဖြင့် လုံလောက်မှုမရှိဘဲ သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံး၊ ဒေသခံပြည်သူများ အပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စေတနာအမှန်ဖြင့်ပါဝင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အဆိုတွင်ပါရှိသည့် "ဤလွှတ်တော်ကတိုက်တွန်းကြောင်း" စာသားနေရာတွင် "ဤလွှတ်တော်က တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအား တိုက်တွန်းကြောင်း"ဟု ဖြည့်စွက်သင့်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုရှင်ဒေါ်ဒွဲဘူ၏အဆိုကို **ကချင်ပြည်နယ်အတွင်း လက်ရှိဖြစ်ပေါ်နေသော လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး စစ်ဘေး၊ စစ်ဒဏ်မှ တိမ်းရှောင်နေရသောပြည်သူများ မိမိတို့နေရပ်သို့ ပြန်လည်အခြေပြုရောက်ရှိနေထိုင်ရေးနှင့်ပြည်သူ့ဘဝလုံခြုံစိတ်ချကာ ထာဝငြိမ်းချမ်းရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန်ယုံကြည်မှုတည်ဆောက်ပြီး အမြန်ဆုံးညှိနှိုင်းဆွေးနွေးမှုများ ကြိုးပမ်းအကောင်အထည်ဖော်ပေးရေးအတွက် ဤလွှတ်တော်က တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအားတိုက်တွန်းကြောင်း** ဟုပြင်ဆင်အတည်ပြုပြီး လွှတ်တော်က သဘောမတူသူမရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်းနှင့် အဆိုအတိုင်း ဝိုင်းဝန်းကူညီအကောင်အထည်ဖော်ပေးရန်တိုက်တွန်းကြောင်း ဆုံးဖြတ်သည်။

**ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းကဏ္ဍ**တွင် အောက်တိုဘာ (၂၇) ရက်တွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့်ပြန်လည်ပေးပို့လာသည့် **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေးပြီးလွှတ်တော်၏အဆုံးအဖြတ်ရယူရာ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များဖြစ်သည့် အခန်း(၁) အပိုဒ် ၂၊ အပိုဒ်ခွဲ(က၊ ခ၊ ဂ၊ ဃ၊ င)၊ အခန်း(၂)၊ အပိုဒ် ၃၊ အပိုဒ်ခွဲ(က၊ ခ)၊ အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၅၊ အပိုဒ်ခွဲ(ဂ)တို့နှင့်စပ်လျဉ်း၍ ကန့်ကွက်သည့် ကိုယ်စားလှယ်ဦးရေများသည့်အတွက် ယင်းပြင်ဆင်ချက်များအား သဘောမတူကြောင်းနှင့် အခန်း(၁)၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(ည)နှင့်စပ်လျဉ်း၍ လွှတ်တော်က သဘောတူသည့်အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

အဆိုပါဥပဒေကြမ်းကို စက်တင်ဘာ(၁၄)ရက်တွင် ပြည်သူ့လွှတ်တော်၌စတင်ဆွေးနွေးအတည်ပြု၍ အမျိုးသားလွှတ်တော်သို့ စက်တင်ဘာ(၁၉)ရက်တွင် ပေးပို့ခဲ့ကြောင်း သိရသည်။

## ဆက်လက်ဆောင်ရွက်

**ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကြမ်း**နှင့် အောက်တိုဘာ (၂၈)ရက်တွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာသည့် **ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်း** တို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းအား နိုဝင်ဘာ(၄)ရက်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁၈)ဦးက လက်မှတ်ရေးထိုး၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ စာတစ်စောင်ရေးသားတင်ပြထားကြောင်းသိရပြီး ယင်းစာတွင် နိုင်ငံတော်သမ္မတ၏ မကွေးတိုင်းဒေသကြီးအတွင်း *စာမျက်နှာ ၅ ကော်လံ ၁ သို့*

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား အမေရိကန်ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၃**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား အမေရိကန် ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Michael H. Posner နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**



**ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား အမေရိကန် ဒီမိုကရေစီလူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Michael H. Posner နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ခေါင်းဆောင်သောအဖွဲ့ ဗီယင်ကျန်းမြို့၌ အလုပ်သဘောခရီး နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ တက်ရောက်ခဲ့

**ရန်ကုန် နိုဝင်ဘာ ၃**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လာအိုပြည်သူ့လုပ်ငန်းနှင့်



ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Sommad Pholsena ၏ ဖိတ်ကြားချက်အရ အောက်တိုဘာ ၂၉ ရက်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့တော်သို့ ရောက်ရှိပြီး အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းတွင် လာအိုပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးနှင့် တာဝန်ရှိသူများနှင့်အတူ ဗီယင်ကျန်းမြို့မှ လွှိုင်နမ့်သာမြို့သို့ သွားရောက်ကြသည်။

ထို့နောက် လွှိုင်နမ့်သာမြို့မှ ၁၇၃ ကီလိုမီတာကွာဝေးသော မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံနယ်စပ် မဲခေါင်မြစ်ကူးတံတား တည်ဆောက်မည့်နေရာကို ကြည့်ရှုခဲ့ကြသည်။ ယင်းတံတားတည်ဆောက်မည့်နေရာမှာလာအိုနိုင်ငံဘက်တွင် ဇင်းကုတ်မြို့ အနီးနှင့် မြန်မာနိုင်ငံဘက်တွင် ကျိုင်းလပ်မြို့အနီး၌ တည်ရှိသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် လာအိုနိုင်ငံပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးနှင့် လွှိုင်နမ့်သာ ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Phimmasone Leang Khamma တို့ခေါင်းဆောင်သော လာအိုနိုင်ငံ တာဝန်ရှိသူများသည် အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းတွင် လွှိုင်နမ့်သာ ပြည်နယ်အုပ်ချုပ်ရေးမှူးရုံး၌ နှစ်နိုင်ငံချစ်ကြည်ရေး မဲခေါင်မြစ်ကူးတံတား တည်ဆောက်ရေးကိစ္စနှင့် နှစ်နိုင်ငံ လေကြောင်းပျံသန်းရေး ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထိုသို့ ဆွေးနွေးရာတွင် မဲခေါင်မြစ်ကူးတံတား တည်ဆောက်မည့်နေရာ၊ မဲခေါင်မြစ်ရေစီးကြောင်းနှင့် မိုးလေဝသဆိုင်ရာ အလားအလာများ၊ ငလျင်လှုပ်နိုင်မှု ဖြစ်နိုင်ခြေ ခန့်မှန်းလေ့လာချက်များ၊ တည်ဆောက်မည့်တံတား၏ အင်ဂျင်နီယာများပိုင်းဆိုင်ရာပုံစံများ၊တည်ဆောက်မည့်နည်းစနစ်များနှင့် MAI လေကြောင်းခရီးစဉ်၏ မြန်မာနိုင်ငံမှ ကိုရီးယားနိုင်ငံသို့ ပျံသန်းမည့်ခရီးစဉ်များတွင်လာအိုနိုင်ငံ၌ တစ်ထောက်နားမည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တံတားတည်နေရာသည် မြန်မာနိုင်ငံဘက်တွင် တာချီလိတ်ခရိုင် ကျိုင်းလပ်နှင့် နှစ်မိုင်အကွာ မဲခေါင်မြစ်ကမ်း၌ တည်ရှိပြီး အဆိုပါတံတားကြီး တည်ဆောက်ပြီးစီးသွားပါက တာချီလိတ်ခရိုင်၊ မိုင်းဖြတ်ခရိုင်၊ ကျိုင်းတုံခရိုင်နှင့် လာအိုနိုင်ငံတို့ ကုန်စည်ကူးသန်းသွားလာမှုများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကာ နှစ်နိုင်ငံလုံးအတွက် များစွာ အကျိုးပြုမည့် တံတားကြီးဖြစ်ကြောင်း သိရှိရသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နိုဝင်ဘာ ၁ ရက်တွင် ဗီယင်ကျန်းမြို့ အနီးရှိ လာအို-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး မဲခေါင်မြစ်ကူးတံတားကို သွားရောက်လေ့လာခဲ့ကြပြီး နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းတွင် လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr. Thongsing Thammavong **(အပေါ်ဝဲပုံ)**အား ဝန်ကြီးချုပ်ရုံးခန်းသို့ သွားရောက်တွေ့ဆုံ နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးအား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး ခေါင်းဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၃**

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးအား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူး Mr. Derek Mitchell ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညနေ ၃နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ရေးရာဆောင် အမှတ်(၁)၌ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများနှင့်အတွင်းရေးမှူးတို့ တက်ရောက်ကြပြီး ဧည့်သည်ကိုယ်စားလှယ်အဖွဲ့တွင် ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့်အလုပ်သမားရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Michael H. Posnerပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်သံရုံး သံရုံးယာယီတာဝန်ခံ Mr. Michael E. Thurston တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



# မြန်မာ့မီးရထား၏ လူစီးလက်မှတ်ခနှင့် ကုန်တင်ဆောင်ခနှုန်းထားများ တိုးမြှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၃**

မြန်မာ့မီးရထား၏ လက်ရှိရထားလက်မှတ်ခနှုန်းထားများသည် ဒီဇယ်ဆီတစ်ဂါလန် ငွေကျပ် ၁၆၀ ရှိချိန်က သတ်မှတ်ခဲ့သော နှုန်းထားများဖြစ်ရာ ယခု ဒီဇယ်ဆီတစ်ဂါလန် ငွေကျပ် ၃၀၀၀ ခန့်ဖြစ်လာပြီး ဒီဇယ်ဆီဈေး ယခင်ထက် ၁၉ဆခန့် တိုးမြှင့်လာသော်လည်း ရထားလက်မှတ်ခနှုန်းထားများကို ပြင်ဆင်ခြင်းမပြုဘဲ ပြေးဆွဲရသဖြင့် နိုင်ငံတော်ဘဏ္ဍာမှ ငွေကြေးပမာဏ ကြီးမားစွာ စိုက်ထုတ်နေရသည်။

ထို့ကြောင့် အရှုံးကာမိပြီး ရထားဝန်ဆောင်မှုနှင့် ရထားလမ်းများကိုပါ အဆင့်မြှင့်တင်နိုင်စေရန်အတွက် နိုဝင်ဘာ ၁၅ ရက်မှစတင်၍ လော်ကယ်/စာပို့ရထားများ၏ ရိုးရိုးတန်းနှုန်းထားကို ၁ မိုင် ၃ ကျပ်နှုန်းမှ ၉ ကျပ်နှုန်းသို့လည်းကောင်း၊ အမြန်ရထားများ၏ ရိုးရိုးတန်းနှုန်းထားကို ၁ မိုင် ၄ ကျပ်နှုန်းမှ ၁၂ ကျပ်နှုန်းသို့လည်းကောင်း အသီးသီး တိုးမြှင့်သွားမည်ဖြစ်သည်။ ထို့အတူ ပထမတန်း၊ အထက်တန်းထိုင်ခုံ၊ အထက်တန်းအိပ်စင်များ၏ နှုန်းထားများနှင့် ကုန်တန်ဆာခများကိုလည်း အချိုးကျ တိုးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ရထားလက်မှတ်ခနှင့် ကုန်တင်ခနှုန်းထားသစ်များကို ဘူတာရုံအသီးသီးနှင့် ကုန်ရုံများတွင် နိုဝင်ဘာ ၇ ရက်မှ စတင်၍ ကြေညာပေးမည်ဖြစ်ကြောင်း မြန်မာ့မီးရထားက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

# ပခုက္ကူရေဘေးသင့်ပြည်သူများအတွက် ဆရာဝန်အသင်းမှလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၃**

မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) နှင့် မကွေးတိုင်းဒေသကြီး အထွေထွေရောဂါကုဆရာဝန်များအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့မှ အောက်တိုဘာ ၂၉ ရက်က ပခုက္ကူခရိုင်အတွင်း ရေဘေးသင့်ပြည်သူများအား အထွေထွေရောဂါကုသမှု၊ ကျန်းမာရေး အသိပညာပေးခြင်းနှင့် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ခဲ့သည့်အပြင် အသက် ၁၅ နှစ်မှ ၄၉ နှစ်အတွင်း အမျိုးသမီးများအား အမျိုးသမီး အသုံးအဆောင် ပစ္စည်းအစုံပါဝင်သော အိတ်ပေါင်း ၅၀၀ (စုစုပေါင်းတန်ဖိုး ကျပ်သိန်းလေးဆယ်ဖိုး)နှင့်အတူ ဆေးဝါးများ၊ အဝတ်အထည်အစုံ ၂၀၀ တို့ကို လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

**(ဆရာဝန်အသင်း)**

# မြို့ဟောင်း-မြစ်ကြီးနားလမ်းပိုင်းနှင့် ရွာထောင်-မြစ်ကြီးနားလမ်းပိုင်းတို့တွင် ရထားဖြင့် ကုန်တင်ပို့လိုသူများအား အသိပေးခြင်း

**နေပြည်တော် နိုဝင်ဘာ ၃**

မြို့ဟောင်းမှမြစ်ကြီးနားလမ်းပိုင်းသို့လည်းကောင်း၊ ရွာထောင်မှမြစ်ကြီးနားလမ်းပိုင်းသို့လည်းကောင်း မြန်မာ့မီးရထားမှ ပြေးဆွဲလျက်ရှိသည့် ကုန်ရထားများတွင် မြန်မာ့မီးရထားသို့ စပေါ်ငွေတင်သွင်းပြီး တစ်နှစ်ပတ်လုံး ကုန်ပစ္စည်းတင်ဆောင်လိုသူများသည် မန္တလေးဘူတာကြီး စတုတ္ထထပ်ရှိ မန်နေဂျာ (သွားလာရေး/တိုင်း) အမှတ်(၃)တိုင်း မန္တလေးရုံး၌ နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီတွင် ပြုလုပ်မည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး အဆိုပါနေ့၌ စပေါ်ငွေ ပေးသွင်းရမည့်ပုံစံများ တင်သွင်းဆောင်ရွက်နိုင်ကြောင်း မြန်မာ့မီးရထားက အသိပေးကြေညာထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



# အစားထိုးတင်သွင်းယာဉ်များ မှတ်ပုံတင်ခြင်း စတင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၃**

မှတ်ပုံတင်သက်တမ်းကြာမြင့်ယာဉ်များအား ယာဉ်ပိုင်ရှင်များ၏ဆန္ဒအရ ဖျက်သိမ်းပြီး အစားထိုးယာဉ်တင်သွင်းခြင်းလုပ်ငန်းများကို ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက စက်တင်ဘာ ၁၉ ရက်မှစ၍ ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ တင်သွင်းလာသည့်ယာဉ်များ စတင်ရောက်ရှိနေပြီဖြစ်ပြီး ဖျက်သိမ်းအပ်နှံပြီးယာဉ် ဆ/၁၆၉၅နှင့် ဇ/၈၆၀၉ ဂျစ်ယာဉ်များအတွက် အစားထိုးဝင်ရောက်လာသည့် Nissan Cefiro(ဝဲပုံ)နှင့်Honda Odyssey ဆလွန်းယာဉ်နှစ်စီးကို နိုဝင်ဘာ ၃ ရက်တွင် ၆ဂ/၅၆၉၈ နှင့် ၆ဂ/၅၆၉၉ဟု သတ်မှတ်၍ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက မှတ်ပုံတင်စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ဗုဒ္ဓမြတ်စွယ်တော် စတုတ္ထအချီ ဒေသစာရီ

လူ့ဘဝသည် ရခဲလှပါ၏။ လူ့ပြည်နှင့် နတ်ပြည်မှ အပ်နှစ်စင်းတို့ ထိပ်တိုက်တွေ့ရန်ထက် ခက်ခဲလှသည်ဟု ဆိုပါသည်။ ထို့ထက် ဗုဒ္ဓဘုရားရှင် ပွင့်တော်မူသောကာလနှင့် ကြုံကြိုက်ရန် ပို၍ခဲယဉ်းလှပါသည်။ မြတ်စွာဘုရားရှင်နှင့် မကြုံကြိုက်သည့်တိုင် ဘုရားသာသနာထွန်းကားချိန်တွင် လူဖြစ်ရလျှင်ပင် လူဖြစ်ကျိုးနပ်လှပါသည်။ ယခုအခါ ထေရဝါဒဗုဒ္ဓသာသနာ အမွေအနှစ်နှင့်အလေ့အကျင့်တို့ ထိန်းသိမ်းတည်တံ့ထွန်းကားရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ဗုဒ္ဓမြတ်စွယ်တော်သည် စတုတ္ထအချီ ဒေသစာရီ ကြွချီလာပေတော့မည်။

နိုင်ငံတော်သမ္မတကြီး ၂၀၁၁ခုနှစ် မေလကသွားရောက်ခဲ့သော တရုတ်ပြည်ချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာပြည်သူများအတွက် ပုဗ္ဗစေတနာ သဒ္ဓါထက်သန်စွာဖြင့် အစပျိုးစီစဉ်ခဲ့ခြင်းဖြစ်သည်။ တရုတ်-မြန်မာ နှစ်ပြည်ထောင်ချစ်ကြည်ရေးကို အကြောင်းပြု၍ မိုင်ပေါင်းရာထောင်ချီပြီး ဝေးကွာလှသည့်အရပ်မှ တန်ဆောင်တိုင်ခါတော်မီကြွချီလာမည့် မြတ်စွယ်တော်နှင့်ပတ်သက်၍ ကြိုတင်ကြည်ညိုသဒ္ဓါပွားများနိုင်ကြစေရန် ဤဆောင်းပါးဖြင့် ဓမ္မဒါနပြု တင်ပြအပ်ပါသည်။

သဗ္ဗညုတ ဉာဏ်တော်ရှင် ဗုဒ္ဓဘုရားသခင်၏မြတ်စွယ်တော်ကိုကိုယ်တိုင်ဖူးမြော်ကြည်ညိုရသည့်အခါ သက်တော်ထင်ရှား သုံးလူ့ရှင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား စိတ်ဝယ်ထင်ထင် ယုံကြည်ကြိမ်ကြိမ် သဒ္ဓါရှိန်ဖြင့် အာရုံပြုနိုင်ရန်လည်း ရည်သန်ပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များကိုလည်း ပထမတစ်ကြိမ်ပင် ဖူးမြင်ရခြင်းဖြစ်လင့်ကစား၊ အသိဉာဏ်ထက်မြက်သောအရွယ်တွင် ဗုဒ္ဓဂုဏ်တော်ကို နှလုံးသွင်း၍ နှလုံးသားဝယ် ဘုရားတည်နိုင်ကြစေရန်နှင့် ဗုဒ္ဓအဆုံးအမ (Buddha Thoughts)များကို နှလုံးသွင်းနိုင်ကြစေရန်လည်း ရည်သန်နှိုးဆော်အပ်ပါသည်။

## ဗုဒ္ဓစွယ်တော်မြတ် သမိုင်းအကျဉ်း

လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော ဗုဒ္ဓမြတ်စွာဘုရားသခင်သည် ၄၅ဝါပတ်လုံး လောက(၃)ပါးအား တရားဖြင့်စောင့်ရှောက်ပြီးနေစဉ်သက်တော်၈၀အရောက် ကဆုန်လပြည့်နေ့တွင် ကုသိနာရုံပြည် မလ္လာမင်းတို့၏အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့ပါသည်။ မြတ်စွာ ဘုရား ပရိနိဗ္ဗာန်စံဝင်၍ တေဇောဓာတ်လောင်ကျွမ်းပြီးနောက် မကွဲမပြား တစ်သားတည်းတည်သော အသဏ္ဌိဓာတ်တော်များဖြစ်သည့် စွယ်တော်လေးဆူ၊ ညှပ်ရိုးတော်နှစ်ဆူ၊ နဖူးသင်းကျစ်တော်တစ်ဆူ စုစုပေါင်းခုနစ်ဆူနှင့် ဓာတ်တော် မွေတော်များ ကျန်ရစ်တော်မူခဲ့ပါသည်။

ကြွင်းကျန်ခဲ့သော စွယ်တော်အရွယ်ပမာဏမှာ ၁၉၅၉ ခုနှစ်တွင် ဆရာတော် ဦးအာလောက ရေးသားသော တစ်ဆယ့်ခြောက်ဌာနဘုရားရှိခိုးတွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်-

- စွယ်တော်လုံးပတ်၊ မြမှတ်ကြစေ၊ အချင်းထိပ်ဦး၊ ခြောက်မူးခန့်ပေ၊ နှစ်ကျပ်မူးယွန်း၊ အဝန်းမှန်ပေ၊ အလျားမှတ်၊ နှစ်ကျပ်မတ်တင်းနေ။
- အမြစ်လုံးပတ်၊ ငါးမတ်ခန့်သာ၊ အောက်ထိပ်အမှူး၊ သုံးမူးပမာ၊ ရောင်ခြည်လောဟိ၊ နီဘိဖြူဝါ၊ နီဖန်များ၊ နည်းငြားဖြူအဝါ။

တေဇောဓာတ်လောင်ကျွမ်းသဖြင့် ရရှိလာသော ဓာတ်တော်မွေတော်များအား ရယူလိုသဖြင့် တိုင်းပြည်(၈)ပြည်ထောင်မှဘုရင်များ စစ်တပ်ချီ၍ စုဝေးရောက်ရှိခဲ့ကြသည်။ မြတ်စွာဘုရားသခင်၏ဓာတ်တော်များအား ငြိမ်းချမ်းစွာဖြင့် အညီအမျှသုံးပုံစုပုံပြီး လူ့ပြည်၊နဂါးပြည်၊နတ်ပြည်တို့ ခွဲဝေယူခဲ့ကြသည်။ လူ့ပြည်အတွက် ဝေစုကိုရှင်ဘုရင်ရှစ်ပါးတို့ အညီအမျှထပ်မံခွဲဝေယူကြရာတွင် စွယ်တော်နှစ်ဆူလည်း ပါဝင်သည်။ ကျန်စွယ်တော်နှစ်ဆူမှာ နတ်ပြည်နှင့် နဂါးပြည်တို့သို့ ပင့်ဆောင်သွားခဲ့ကြကြောင်း မှတ်သားရပါသည်။ လူ့ပြည်ရှိစွယ်တော်နှစ်ဆူအနက် တစ်ဆူမှာ သီရိလင်္ကာနိုင်ငံသို့ ပင့်ဆောင်သွားခဲ့ပြီး ကျန်တစ်ဆူမှာ တရုတ်နိုင်ငံ လင်ကွမ်းကျောင်းတော်၌ မူရင်းအတိုင်းစံပယ်လျက်ရှိပါသည်။ သီရိလင်္ကာရှိ စွယ်တော်မှာ လက်ဝဲအောက်စွယ်တော်ဖြစ်ပြီး တရုတ်နိုင်ငံရှိစွယ်တော်မှာ လက်ဝဲအထက်စွယ်တော်ဖြစ်ပါသည်။

## စီနတိုင်းခေါ် တရုတ်ပြည်မှ စွယ်တော်မြတ်သမိုင်းအကျဉ်း

တေဇောဓာတ်လောင်ကျွမ်းပြီး ကြွင်းကျန်သော ဓာတ်တော်မွေတော်များကို နတ်ပြည်၊ လူ့ပြည်နှင့် နဂါးပြည်တို့ သုံးပုံအညီအမျှခွဲဝေယူခဲ့ကြသည်။ လူ့ပြည်မှ ဝေစုကို ဘုရင်ရှစ်ပါးတို့ ငြိမ်းချမ်းစွာ ထပ်မံခွဲဝေယူကြရာ၌ မင်းတို့၏ဆရာ ဒေါနပုဏ္ဏားကြီးသည် မြတ်စွာဘုရားအား ကြည်ညိုသဒ္ဓါရှိလှသဖြင့် အထက်လက်ဝဲစွယ်တော်အား ၎င်း၏အကျီကြား၌ သိုဝှက်ထားခဲ့သည်။ ၎င်းစွယ်တော်မြတ်သည် ဂန္ဓာရတိုင်း၊ ဥဒေနနိုင်ငံ (ယခုပါကစ္စတန်နိုင်ငံ)တွင် ဦးစွာစံပယ်ခဲ့သည်။ ရဟန်းတော်တစ်ပါးက ပါကစ္စတန်နိုင်ငံ သိန္ဓုမြစ်ကမ်း (ယခု တက္ကသီလာ Texila မြို့)အနီးတွင် စေတီကိုးကွယ်ဌာပနာထားခဲ့သည်။ တက္ကသီလာသည် အစ္စလမ္မာဘတ်မြို့တော်မှ အနောက်ဘက် ကားဖြင့်သွားလျှင် တစ်နာရီကျော်ခန့်သာ ကွာဝေးပါသည်။ အိန္ဒိယနိုင်ငံ ဗာရာဏသီမှဆိုလျှင် ယူဇနာ၂၀၀ကွာဝေးပြီး မြတ်စွာဘုရားလက်ထက် တိုင်းကြီးကိုးတိုင်းသို့ သာသနာပြုရဟန်းသံဃာများ စေလွှတ်ခဲ့ရာတွင် အပါအဝင်တိုင်းတစ်ခုဖြစ်ခဲ့ပါသည်။ တက္ကသီလာရှိ ပက္ကုသာတိမင်းသည် စာဂဓတိုင်း ရာဇဂြိုဟ်ဘုရင် ဗိမ္ဗိသာရမင်း ရေးပေးလိုက်သော ရတနာသုံးပါးဂုဏ်တော်ကို ဖတ်ရှုရပြီးနောက် မြတ်စွာဘုရားကို ဖူးမြော်ရန် ရာဇဂြိုလ်သို့ ထွက်ခွာလာရာ လမ်းခရီးတွင် ဘုရားရှင်နှင့်တစ်ညသာ ဖူးတွေ့ရပြီး နောက်တစ်နေ့၌ အနာဂါမ်ပုဂ္ဂိုလ်အဖြစ် စုတေသွားခဲ့ရာ အဝိဟာရ ဗြဟ္မာဘုံတွင် ဖြစ်ဆဲခဏ၌ ရဟန္တာဖြစ်သွားခဲ့ကြောင်း ဖတ်ရှုမှတ်သားရပါသည်။ ဂန္ဓာရတိုင်း (ယခုပါကစ္စတန်)ကိုလည်း ဗုဒ္ဓသာသနိကမြေပုံတော်ချုပ်တွင် လေ့လာကြည့်ရှုနိုင်ပါသည်။

ဗုဒ္ဓမြတ်စွယ်တော်သည် ဥဒေနနိုင်ငံ (ယခုပါကစ္စတန်)မှတစ်ဆင့် နယ်မြေချင်းဆက်စပ်နေသော တရုတ်နိုင်ငံ ရှင်းကျန်းပြည်နယ် ဟောထရန်းခရိုင် ခိုတန်မြို့သို့ ပင့်ဆောင်ရောက်ရှိခဲ့သည်။ ထို့နောက် တရုတ်တောင်ပိုင်း နန်ချောင်(Nan Chao) မင်းဆက်ကာလဘုန်းတော်ကြီး ဖာရှန်း (Fa Xian) (အေဒီ ၄၂၄-၄၉၈)က စွယ်တော်မြတ်အား ခိုတန်အရပ်မှတရုတ်တောင်ပိုင်း ချီမင်းဆက်မြို့တော် နန်ကျင်းသို့ ပင့်ဆောင်ခဲ့သည်။ ၎င်းနောက် ဆွေမင်းဆက်လက်ထက်တွင် တရုတ်တစ်နိုင်ငံလုံးအား စည်းရုံးသိမ်းသွင်းပြီးနောက် မြို့တော်သစ် ချန်အမ်း(ယခု ရှီးအန်း Xian)သို့ ပင့်ဆောင်သွားခဲ့သည်။

ထို့နောက် တရုတ်မင်းဆက် (၅)ဆက်ကာလ (၁၀)ပြည်ထောင်ခေတ်တွင် တရုတ်အလယ်ပိုင်းဒေသများမှာ တရုတ်ချောင်ထရယ်မင်းနိုင်ငံအတွင်း ကျရောက်ခဲ့ပြီး ဗုဒ္ဓစွယ်တော်မြတ်မှာလည်း နေရာတစ်ခုမှတစ်ခုသို့ ပြောင်းရွှေ့ခဲ့ရပါသည်။ လျောင်မင်းဆက်လက်ထက်တွင် Yan Jing ယန့်ကျင်းမြို့ (ယခု Beijing ပေကျင်းမြို့)သို့ ရောက်ရှိခဲ့ပါသည်။ လျောင်မင်းဆက်အကြောင်း ရေးသားထားသည့် အတွဲပေါင်း ၂၂ တွဲရှိသည့် မင်းကေရာဇ်တောက်ကျုံး (Emperor Dao Zong)၏ သမိုင်းမှတ်တမ်းများအရ ဗုဒ္ဓမြတ်စွယ်တော်သည် ခရစ်သက္ကရာဇ် ၁၀၇၁ခုနှစ် ဩဂုတ်လ၌ ကျောင်းရှန်စေတီ (Zhao Xian) တွင် ကိန်းဝပ်စံပယ်ခဲ့ကြောင်း သိရှိရပါသည်။

မောင်ချစ်အေး (ခေတ္တ-ပေကျင်း)

ကျောင်းရှန်စေတီမှာ တရုတ်ကျောက်များဖြင့် တည်ဆောက်ထားသော အဋ္ဌဂံပုံစံအထပ်(၁၀)ထပ်ရှိ စေတီဖြစ်ပါသည်။ စေတီတော်နံရံတွင် ကျောက်ဆစ်ပန်းချီလက်ရာများဖြင့် ဘုရားစေတီပုံတော်များအား မွမ်းမံထားသောကြောင့် "ပုံတော်တစ်ထောင်ပန်းချီကားဘုရား"ဟူ၍လည်း ထင်ရှားပါသည်။ ၁၉၀၀ပြည့်နှစ်တွင် ပြည်ပနိုင်ငံရှစ်နိုင်ငံမှပူးပေါင်း၍ တရုတ်နိုင်ငံအား ကျူးကျော်သိမ်းပိုက်ဖျက်ဆီးခဲ့ကြသဖြင့် ရှေးဟောင်းအမွေအနှစ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ကျောင်းရှန်စေတီနှင့် ၎င်းအနီးရှိ လင်ကွမ်းဘုရားကျောင်းတို့မှာ ပေကျင်းမြို့၏ ဆင်ခြေဖုံးနေရာတွင်ရှိသောကြောင့် အမြောက်ဒဏ်၊ ဗုံးဒဏ် အနည်းငယ်သာ ခံခဲ့ရသည်။ ဘေးရန်များ ကင်းဝေးပြီးနောက် ဘုန်းတော်ကြီးတို့ စေတီတော်အား ပြန်လည်ရှင်းလင်းကြစဉ် စေတီ၏အောက်ခြေ မြေအောက်မှ ကျောက်သားသေတ္တာတစ်လုံးကို တွေ့ရှိခဲ့ကြသည်။ ၎င်းကျောက်သေတ္တာအတွင်းမှ စန္ဒကူးအသားဖြင့် ပြုလုပ်ထားသော သစ်သားသေတ္တာငယ်တစ်လုံးကို ထပ်မံတွေ့ရှိခဲ့ကြရာ သေတ္တာပေါ်တွင် အောက်ပါစာတမ်းကို တွေ့ရှိခဲ့ပါသည် -

> "စကြာမုနိဘုရားရှင်၏ အံ့ချီးဖွယ်ရာ မြတ်စွယ်တော်၊ ရေးသားသူ- ရှန်းဟွေ့ (Shan Hui)၊ ၄လပိုင်း၊ ၂၃ ရက်၊ တရုတ်ထရန်းဟွေ့နှစ်(၇)"
> (တရုတ်ထရန်းဟွေ့နှစ် ၇နှစ်မှာ တရုတ်မြောက်ပိုင်း ဟန်မင်းဆက်လက်ထက်က အသုံးပြုသောနှစ်ဖြစ်ပြီး ခရစ်နှစ် ၉၆၃ ခုနှစ်ဖြစ်ပါသည်။)
> "Holy tooth-relic of the Lord Buddha Shakya Muni: written by Shan Hui, on the twenty third day of the fourth month of the seventh year Tianhui."

သေတ္တာပေါ်တွင် မှတ်တမ်းရေးထိုးထားသည့် ရှန်းဟွေ့အမည်မှာ တရုတ်မင်းဆက် (၅)ဆက်ကာလတွင် မြောက်ပိုင်းဟန်မင်းနယ်မှ တရုတ်ဘုန်းတော်ကြီး၏အမည်ဖြစ်ပါသည်။ ဟန်မင်းဆက်မှာ တရုတ်မင်းဆက်(၅)ဆက် ကျဆုံးပြီးနောက် ရှန်းရှီးမြောက်ပိုင်းမှ တရုတ်စုန့်ဘုရင်အား တော်လှန်ပုန်ကန်၍ ကြီးထွားလာခဲ့ပါသည်။ သို့သော် ၎င်းမင်းဆက်မှာ နောက်ပိုင်းတွင် တရုတ်စုန့်မင်း၏ ချေမှုန်းတိုက်ခိုက်ခြင်း ခံခဲ့ရပါသည်။ ဗုဒ္ဓစွယ်တော်မြတ်အား ၁၀၇၁ခုနှစ်တွင် စေတီတော်အတွင်း ဌာပနာခဲ့ပြီး ၁၉၀၀ခုနှစ်မှ တစ်ဖန် ပြန်လည်ဖူးမြင်ရခြင်းဖြစ်သောကြောင့် နှစ်ပေါင်း(၈၃၀)မျှ ကျောင်းရှန်စေတီအတွင်း ကိန်းဝပ်ခဲ့ပါသည်။ ဗုဒ္ဓမြတ်စွယ်တော်အား ပြန်လည်တွေ့ရှိခဲ့ပြီးနောက် ယခုအခါ ပေကျင်းမြို့ အနောက်အရပ်ရှိ ထင်ရှားသော ပါ့တာ့ချူးတောင်၊ လင်ကွမ်းကျောင်းတော် စွယ်တော်တိုက်တွင် မြန်မာနိုင်ငံမှလှူဒါန်းထားသော ကျွန်းသစ်ရတနာတန်၃၀၀ဖြင့် မွမ်းမံတည်ဆောက်ထားသော ကျောင်းဆောင်တစ်ခုရံလျက် ခမ်းနားထည်ဝါသော ဂန္ဓကုဋီတိုက်အတွင်း တင့်တယ်သပ္ပာယ်စွာ စံတော်မူလျက်ရှိပြီဖြစ်ပါသည်။

## မြတ်စွယ်တော်တိုက်၏ တိုးတက်ဖြစ်ပေါ်မှုများ

တစ်ကမ္ဘာလုံးရှိ ဗုဒ္ဓဘာသာဝင်တို့အတွက် ဗုဒ္ဓမြတ်စွယ်တော် ပြန်လည် ပေါ်ထွန်းလာပြီးနောက် တရုတ်နိုင်ငံတွင် ရာစုနှစ်တစ်ဝက်ခန့်မှာ တရုတ်မျိုးချစ်တပ်ဖွဲ့များမှ ကျူးကျော်သူများကို ပြန်လည်တွန်းလှန်တိုက်ခိုက်နေရသောကြောင့် ပြည်တွင်းရေးများ ရှုပ်ထွေးကာ မြတ်စွယ်တော်အရေးကို အလေးမထားနိုင်ခဲ့ကြပေ။ တရုတ်ပြည်သစ်ထူထောင်ပြီးချိန်မှသာ တရုတ်ဗုဒ္ဓဘာသာဝင်များ၊ ဘုန်းတော်ကြီးများနှင့် ပြည်သူ့အစိုးရတို့ ပူးပေါင်းညီညွတ်စွာဖြင့် ဗုဒ္ဓမြတ်စွယ်တော်အား ကွမ်ကျီးကျောင်းတော်သို့ ပင့်ဆောင်ခဲ့ကြသည်။ ရတနာ (၇)သွယ်စီခြယ်ထားသည့် စွယ်တော်ပလ္လင်နှင့်စီစဉ်၍ တင့်တယ်ခံ့ညားထည်ဝါ သပ္ပာယ်စွာ အထွတ်အမြတ်ထား ကိုးကွယ်ခဲ့ကြရာ နိုင်ငံရပ်ခြားသို့ မြတ်စွယ်တော်၏ ဂုဏ်သတင်း ပျံ့နှံ့ခဲ့ပါသည်။ မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံများသို့ ဒေသစာရီကြွချီ၍ ဗုဒ္ဓဘာသာဝင်ပြည်သူများ၏ ပူဇော်အထူးကို ခံယူခဲ့သည်။ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်း၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား အစရှိသော ဗုဒ္ဓဘာသာဝင်နိုင်ငံများတွင် မြတ်စွယ်တော်၏ ဂုဏ်သတင်း ပျံ့နှံ့ထင်ရှားခဲ့ကြသည်။

၁၉၅၇ ခုနှစ်တွင် တရုတ်နိုင်ငံ ဗုဒ္ဓဘာသာဝင်တို့၏ သဒ္ဓါတရားဖြင့် စွယ်တော်တိုက်စေတီတော်အသစ်တစ်ဆူကို နှစ်ထောင်ချီ တည်တံ့စေရန် ရည်သန် ဆောက်လုပ်ခဲ့ကြသည်။ ၁၉၅၈ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ ခြောက်နှစ်တာကာလအတွင်း ခေတ်မီဆန်းသစ်သည့် စေတီတော်တစ်ဆူနှင့် ခမ်းနားသောကျောင်းဆောင်တစ်ခုကို တည်ဆောက်ခဲ့ကြသည်။ စေတီတော်မှာ မြေအကျယ် ၂၂ စတုရန်းမီတာအပေါ်တွင် အောက်ခြေအုတ်ခုံအမြင့် ၂ ဒသမ ၇မီတာ၊ အဆောက်အအုံအမြင့် ၅၁ မီတာ၊ ထောင့်ချိုး ရှစ်ခု၊ အထပ် ၁၃ထပ်ရှိပါသည်။ တရုတ်ရှေးခေတ် စေတီလက်ရာများကို အခြေခံလျက် ခေတ်သစ်နည်းစနစ်များနှင့် ပေါင်းစပ်ဆောက်လုပ်ထားပါသည်။ အပြင်ပိုင်းအား တရုတ်ထန်မင်းဆက်နှင့် စုန့်မင်းဆက် လက်ထက်တို့တွင် ထင်ရှားသော တစ်ထပ်ခန်းချင်းဆင့်၍ အစိမ်းရောင် စဉ့်ထည်ပန်းချီများ ထည့်သွင်း ဆောက်လုပ်ခဲ့ပါသည်။ အထပ်တိုင်းတွင် ပြတင်းပေါက်၊ လေဝင်ပေါက်များထားရှိပြီး အတွင်းပိုင်း အပေါ်ခုနစ်ထပ်တွင် ခန်းမငယ်ပုံစံများအတိုင်းဆင့်ထား၍ အောက်ပိုင်းအထပ်များမှာ အလုံပိတ်အခန်းများဖြစ်ပြီး တရုတ်အနုပညာလက်ရာများဖြင့် ခြယ်မှုန်းထားပါသည်။

စေတီအတွင်းပိုင်းပတ်လည်တွင် ထည့်သွင်းဆောက်လုပ်ထားသော ကြောင်လိမ်ကျောက်လှေကားမှာလည်း လှေကားထစ်များ လူကြီးလူငယ်မရွေး ပြေပြစ်ညင်သာစွာ တက်လှမ်းနိုင်အောင် စီစဉ်ထားပြီး စွယ်တော်မြတ်သီတင်းသုံးရာ ထိပ်ဆုံးဂန္ဓကုဋီတိုက်ခန်းသို့ တက်ရောက်နိုင်ပါသည်။ မြတ်စွယ်တော် ကိန်းဝပ်စံပယ်ရာ အထွတ်အမြတ်ခန်းတွင် ရွှေပလ္လင်နှင့် ရတနာ(၇)သွယ် စီခြယ်ထားသည့် ကြုတ်တော်အတွင်း မြတ်စွာဘုရားရှင်၏ အထက်လက်ဝဲစွယ်တော်မြတ်ကို မူလအတိုင်း ကြည်ညိုသဒ္ဓါပွားနိုင်ပါသည်။ မြတ်စွယ်တော်၏ ဂန္ဓကုဋီတိုက်အတွင်း တာ့လီမြို့မှထွက်သော ကျောက်ဖြင့် အမိုးပေါ်တွင် နဂါးနှစ်ကောင် ယှက်နွယ်နေပုံ ရုပ်ကြွရုပ်လုံးများ ထုဆစ်တန်ဆာဆင်ထားပါသည်။ ယခုအခါ မြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာပြည်သူတို့ ပူဇော်ပေးပို့လှူဒါန်းထားသော ရတနာကျွန်းသစ်များဖြင့် ဂန္ဓကုဋီတိုက် အတွင်းနံရံများတွင် သစ်ထွင်းဗုဒ္ဓဖြစ်စဉ် ပန်းချီရုပ်လုံးများ တန်ဆာဆင်ထားသည်မှာလည်း တင့်တယ် ခံ့ညားလှပါသည်။ မြန်မာ့ကျွန်းသစ်ရတနာများနှင့် တရုတ်အနုပညာလက်ရာများ ပေါင်းစပ်၍ ဗုဒ္ဓမြတ်စွယ်တော်အား ပူဇော်ထားသည်မှာ ဂန္ဓကုဋီတိုက်အတွင်း ဝင်ရောက်လာသူတိုင်း၏ စိတ်နှလုံးကို သိမ်းကျုံးလျက် သက်ရှိထင်ရှား ဗုဒ္ဓဘုရားရှင်၏ အငွေ့အသက်နှင့် အရိပ်အာဝါသအောက် အေးချမ်းတည်ငြိမ်စွာ ခေတ္တရောက်ရှိ ခိုလှုံရဘိသကဲ့သို့ ခံစားကြရပါသည်။

(နိဗ္ဗာန်ဆော်စကားချပ်။ ။ ဗုဒ္ဓမြတ်စွယ်တော် ကိန်းအောင်းစံပယ်တော်မူသော ရွှေပလ္လင်နှင့် ရတနာ (၇)သွယ်စီခြယ်ထားသော ကြုတ်စေတီမှာ အလျား ၂၃ လက်မ၊ အနံ ၂၃ လက်မ၊ အမြင့် ၄၄ လက်မရှိပြီး အောက်ခြေခုံအမြင့် ၄ ဒသမ ၂ လက်မရှိ၍ ၎င်းနှင့်လိုက်ဖက်သော ဆင်စွယ်အစုံတစ်စုံ ထားရှိပူဇော်လိုကြောင်း မြတ်စွယ်တော်ကို အနီးကပ်စောင့်ရှောက်ထိန်းသိမ်းနေသော ဆရာတော်ကြီးမှ ဆန္ဒရှိကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံမှ သဒ္ဓါရှင်များ၊ မြန်မာသံရုံး၊ ပေကျင်းမြို့မှတစ်ဆင့် ဆက်သွယ်၍ ကမ္ပည်းရေးထိုးလှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။)

မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူတို့ သဒ္ဓါထက်သန်စွာဖြင့် လှူဒါန်းပေးပို့ခဲ့သော ကျွန်းသစ်ရတနာတန်၃၀၀နှင့်အသစ်မွမ်းမံဆောက်လုပ်ခဲ့သော ကျောင်းဆောင်ကြီးတစ်ခုနှင့် တင့်တယ်ခမ်းနားထည်ဝါစွာ ပြုပြင်ထားသော ဂန္ဓကုဋီတိုက်ကြီးဖွင့်ပွဲတို့နှင့်အတူ ဗုဒ္ဓမြတ်စွယ်တော် အနေကဇာတင် အခမ်းအနားအား တရုတ်နိုင်ငံဗုဒ္ဓဘာသာအသင်းမှ ကြီးမှူး၍ ၂၁-၅-၂၀၁၁ ရက်နေ့ နံနက် ၉ နာရီတွင် ခမ်းနားထည်ဝါစွာ ကျင်းပခဲ့ပါသည်။ ၁၉၆၄ခုနှစ် စွယ်တော်တိုက်သစ်ဖွင့်ပွဲ ပြုလုပ်ပြီးနောက် ယခုအခမ်းအနားသည် ကြီးကျယ်အခမ်းအနားဆုံးဟု သိရပါသည်။ မြန်မာနိုင်ငံမှ သာသနာရေးဝန်ကြီးနှင့်တရုတ်နိုင်ငံဆိုင်ရာသံအမတ်ကြီးတို့ တက်ရောက်ခဲ့ကြသည်။ တရုတ်နိုင်ငံ ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌ ဆရာတော်ကြီး Most Ven, Chuan Yin၊ ဂျပန်၊ တောင်ကိုရီးယား၊ သီရိလင်္ကာ၊ နီပေါ၊ ထိုင်းနိုင်ငံတို့မှ သာသနာပိုင်ဆရာတော်ကြီးများ၊ တရုတ်အစိုးရ၊ သာသနာရေးဗျူရိုမှ တာဝန်ရှိသူများ၊ ဗုဒ္ဓဘာသာဝင်နိုင်ငံများမှ သံအမတ်ကြီးများနှင့် သံတမန်ကိုယ်စားလှယ်များ၊ တရုတ်ဗုဒ္ဓဘာသာဝင် ပြည်သူများ စုစုပေါင်း ပရိသတ်အင်အား ၄၀၀၀ခန့် စည်ကားသိုက်မြိုက်စွာ တက်ရောက်ခဲ့ကြပါသည်။ အခမ်းအနားတွင် စွယ်တော်တိုက် လင်ကွမ်းကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ Ven. Shi Chang Zangက မြန်မာနိုင်ငံတော်အစိုးရနှင့်ပြည်သူများ သဒ္ဓါထက်သန်စွာ လှူဒါန်းခဲ့သည့် ကျွန်းသစ်ရတနာ တန်၃၀၀ကြောင့် ဗုဒ္ဓမြတ်စွယ်တော်တိုက်၊ ဂန္ဓကုဋီတိုက်နှင့် ကျောင်းဆောင်ကြီးတစ်ခု တင့်တယ်ခမ်းနားစွာ ပေါ်ထွက်လာခြင်းဖြစ်ကြောင်း၊ ဗုဒ္ဓမြတ်စွယ်တော်နှင့် တင့်တယ်သပ္ပာယ်စွာ တည်ရှိနေပြီဖြစ်သည့်အတွက် ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာဝင်ပြည်သူအားလုံးကိုယ်စား ဝမ်းမြောက်သာဓု အနုမောဒနာအကြိမ်ကြိမ် ခေါ်ဆိုပါကြောင်း လှိုက်လှဲစွာမိန့်ကြားခဲ့ပါသည်။ မြန်မာပြည်သူတို့ကိုယ်စား နိုင်ငံတော်အစိုးရက ပြုခဲ့သောကုသိုလ်ကောင်းမှုအတွက် ထပ်တူထပ်မျှ ခံစားရရှိကြပါစေဟု အမျှဝေဆန္ဒပြုပါသည်။

## နိုင်ငံတော်အစိုးရ၏ စေတနာနှင့် သာသနာချီးမြှောက်မှု

မြတ်စွာဘုရားရှင်၏ အထက်လက်ဝဲစွယ်တော်အား မြန်မာနိုင်ငံသို့ ကြွရောက်ခဲ့သော သုံးကြိမ်စလုံးတွင် မြန်မာပြည်သူတို့သည် သဒ္ဓါထက်သန်စွာ အလေးထားကြည်ညိုပူဇော်ခဲ့ကြပါသည်။ ဗုဒ္ဓမြတ်စွယ်တော်သည် ၁၉၅၅ခုနှစ် ပါလီမန်အစိုးရလက်ထက်တွင် ပထမအကြိမ်၊ ၁၉၉၄ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက်တွင် ဒုတိယအကြိမ်နှင့် ၁၉၉၆ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် တတိယအကြိမ် ကြွရောက်အပူဇော်ခံခဲ့သည်။ယခုအခါ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရကာလတွင် နိုင်ငံတော်သမ္မတကြီးက ပြည်သူများကြည်ညိုသဒ္ဓါပွားနိုင်ရန်အတွက် တိုင်းရေးပြည်ရာများကို စတင်တာဝန်ယူပြီး တစ်လတာကာလအတွင်းမှာပင် သဒ္ဓါထက်သန်စွာဖြင့် ပင့်ဆောင်ပူဇော်နိုင်ရေး စီမံဦးဆောင်မှုပြုခဲ့ပါသည်။ ဗုဒ္ဓသာသနာတော်သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရန် နိုင်ငံတော်မှဦးဆောင်၍ နိုင်ငံတစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူတို့၏ ကြီးမားသောသဒ္ဓါတရားကို အလေးထား၍ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် တင့်တယ်သပ္ပာယ်စွာ ကြည်ညိုပူဇော်နိုင်ရေး စီမံခဲ့ကြပါသည်။ ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာဝင်အားလုံး၏ အထွတ်အမြတ်ထားသည့် ဗုဒ္ဓမြတ်စွယ်တော်အား ပင့်ဆောင်ရာတွင် အစစအရာရာ တာဝန်ကြီးမားလှပါသည်။

သို့သော် နိုင်ငံတော်အစိုးရက ပြည်သူများအတွက် ဗုဒ္ဓစွယ်တော် ပင့်ဆောင်ရေးကိစ္စမှာ တာဝန်ကြီးမားလှသကဲ့သို့ ကုသိုလ်တရားလည်း ကြီးမားလှသည်ဟု ခံယူလျက် ယခုကဲ့သို့ ကြိုးပမ်းစီမံပေးခဲ့ခြင်းဖြစ်ပါသည်။

ဗုဒ္ဓသာသနာ အရှည်ထိန်းသိမ်းတည်တံ့ပွားများနိုင်ရန်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် အစိုးရမင်း၊ရဟန်းနှင့်ပြည်သူတို့ သဒ္ဓါညီတူကြသည့်အလျောက် ဗုဒ္ဓမြတ်စွယ်တော်၏ စတုတ္ထအချီ ဒေသစာရီကြွချီလာသည့်အခိုက် ဦးခိုက်ကော်ရော် ကြည်ညိုပူဇော်၍ ကောင်းမှုကုသိုလ်များ ရယူနိုင်ကြပါရန် မေတ္တာ၊ စေတနာရည်သန်၍ ဤဆောင်းပါးဖြင့် ဓမ္မဒါနပြုတင်ပြအပ်ပါသည်။ ။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ခုတင် (၅၅၀)ဆံ့ ရန်ကင်း ကလေးဆေးရုံကြီး၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကင်း ကလေးဆေးရုံကြီး ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် ယနေ့ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် သစ္စာလမ်းရှိ ခုတင် (၅၅၀)ဆံ့ ရန်ကင်း ကလေးဆေးရုံကြီးသို့သွားရောက်ပြီး အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ ဓာတ်မှန်ဌာန၊ ဓာတ်ခွဲဌာန၊ ဆေးကုသဆောင် (၁)၊ မွေးကင်းစကလေးဆေးကုသဆောင်၊ အထူးကြပ်မတ်ကုသဌာန၊ ခွဲစိတ်ခန်းမကြီး၊ ခွဲစိတ်ဆောင်နှင့် စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာလဲ့လဲ့မူသိဏ်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်ကို ကြေညာခြင်း

**နေပြည်တော် နိုဝင်ဘာ ၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၅၉/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်**

**နေပြည်တော်**

**ကြေညာချက်အမှတ် (၅၉/၂၀၁၁)**

**၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်**

**(၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်)**

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၅(ခ) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်ကို ကြေညာခြင်း**

၁။ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ် (၁)အတွက် ရွေးကောက်တင်မြှောက်ခံထားရသော လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နွဲ့၏ ရွေးကောက်တင်မြှောက်ခံရခြင်းကို ယင်းမဲဆန္ဒနယ်၌ ယှဉ်ပြိုင်အရွေးခံသူ ဦးမျိုးမြင့်က ရွေးကောက်ပွဲကန့်ကွက်လွှာ တင်သွင်းသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၉ အရ ရွေးကောက်ပွဲခုံအဖွဲ့ဖြင့်လည်းကောင်း၊ ပုဒ်မ ၇၅ အရ ရွေးကောက်ပွဲကန့်ကွက်လွှာ ပြင်ဆင်မှုဖြင့်လည်းကောင်း ကြားနာစစ်ဆေး၍ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၃-၁၁-၂၀၁၁ ရက်စွဲပါ ရွေးကောက်ပွဲကန့်ကွက်လွှာ ပြင်ဆင်မှုအမှတ် (၁၄/၂၀၁၁) ဆုံးဖြတ်ချက်တွင် ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁) အတွက် ဒေါ်ခင်နွဲ့အား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ဥပဒေအရ ပျက်ပြယ်ကြောင်းနှင့် ယင်းမဲဆန္ဒနယ်၏ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အဖြစ် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခံရသူမှာ ဦးမျိုးမြင့်ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၅ (က)အရ ဆုံးဖြတ်ခဲ့ပါသည်။


၃။ သို့ဖြစ်၍ ဒေါ်ခင်နွဲ့သည် ယခုကြေညာသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁)၏ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်မှာ ဦးမျိုးမြင့် [၁၁/စတန(နိုင်)၀၀၄၁၅၀] ဖြစ်ကြောင်း သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၅(ခ) အရ သတ်မှတ်ကြေညာလိုက်ပါသည်။

**(ပုံ) တင်အေး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# လျှပ်စစ်စွမ်းအားဦးစီးဌာနနှင့် GUNKUL Engineering Public ကုမ္ပဏီလီမိတက်တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် နိုဝင်ဘာ ၃

**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် နိုဝင်ဘာ ၂ ရက် ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံးခန်းမ၌ကျင်းပသော လျှပ်စစ်စွမ်းအားဦးစီးဌာနနှင့် GUNKUL Engineering Public Co., Ltd. တို့၏ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်သည်။** (ယာပုံ)




အဆိုပါအခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး စီးပွားရေးသံမှူးနှင့် ထိုင်းနိုင်ငံ Provinical Electricity Authority (PEA) နှင့် Siam Commercial Bank တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

## အမှာစကားပြောကြား

အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ယခု နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးသည့် လေစွမ်းအင် လျှပ်စစ်ဓာတ်အား ၁၀၀၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ရေး စီမံကိန်းသည် မြန်မာနိုင်ငံ၌ ပထမဦးဆုံး အကောင်အထည်ဖော်ဆောင်ရွက်သည့် လေအားလျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းဖြစ်ပြီး နိုင်ငံတော်ဓာတ်အားစနစ်နှင့် အလှမ်းကွာဝေးသည့် မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် လေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုလုပ်ငန်းများကို ဒေသအာဏာပိုင်များနှင့်ပြည်သူတို့၏ ပံ့ပိုးကူညီမှုတို့ဖြင့် ဆောင်ရွက်ကာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး ဆောင်ရွက်မှာဖြစ်ကြောင်း၊ ၂၀၀ မဂ္ဂါဝပ်စီ ထုတ်လုပ်နိုင်မည့် လုပ်ငန်းအဆင့် (၅)ခုခွဲ၍ ဆောင်ရွက်မည်ဖြစ်ပြီး လုပ်ငန်းပထမအဆင့်ကို ၂၀၁၅ ခုနှစ်၌ စီးပွားဖြစ် ထုတ်လုပ်နိုင်မည်ဟု လျာထားကြောင်း၊ လုပ်ငန်းတစ်ခုလုံး၏ စုစုပေါင်းထုတ်လုပ်နိုင်မည့် ၁၀၀၀ မဂ္ဂါဝပ်ကို ၂၀၁၈ ခုနှစ်တွင် စီးပွားဖြစ် ထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းထားကြောင်း၊ လေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစီမံကိန်းမှ လျှပ်စစ်ဓာတ်အား ၁၀၀၀ မဂ္ဂါဝပ် ထုတ်လုပ်လာနိုင်ပါက မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၌ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စက်မှု စသည့် လူမှုစီးပွားရေး ကဏ္ဍအသီးသီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်သကဲ့သို့ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသော ကာဗွန်ဓာတ်ငွေ့ လျှော့ချရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်မှုလည်း ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ GUNKUL Engineering Public Co., Ltd. ကိုယ်စား Mr. Gunkul Dhumron Gplyawut က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်နှင့် GUNKUL Engineering Public Co., Ltd.ဥက္ကဋ္ဌတို့သည် လေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ၁၀၀၀မဂ္ဂါဝပ် ထုတ်လုပ်ရေးစီမံကိန်း နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုး၍ စာချွန်လွှာများ အပြန်အလှန် လဲလှယ်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

များမှ ပစ္စည်းများအား သယ်ဆောင်ပေးခြင်း၊ နေအိမ်သစ်များ ဆောက်လုပ်ခြင်းတို့အား ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထို့အတူ ကျောက်ပန်းတောင်းတပ်နယ်မှ တပ်မတော်သားများသည် ဒေါသာ၊ ဆင်နီတောင်ကျေးရွာများ၌ ကျေးရွာတွင်းလမ်းမှ ရွှံ့ညွန်များ ဖယ်ရှားရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ကျေးရွာစာသင်ကျောင်းအတွင်း ရွှံ့ညွန်များ ဖယ်ရှားရှင်းလင်းခြင်း၊ သောက်သုံးရေရရှိရေးအတွက် အဝီစိတွင်း သုံးတွင်းအား ပြန်လည်ဆယ်တင်ခြင်း၊ ရေစကြိုတပ်နယ်မှ တပ်မတော်သားများသည် ထန်းတောမကျေးရွာ၌ ပျက်စီးနေသော နေအိမ်များအား ပြန်လည်ပြုပြင်ခြင်း၊ မုံရွာတပ်နယ်မှ တပ်မတော်သားများသည် ချိုက်ကျေးရွာ၊ ချောင်းနားကျေးရွာများ၌ ရွာတွင်းလမ်းမှ နုန်းမြေများ ဆက်လက် ရှင်းလင်းဖယ်ရှားခြင်း၊ လူနေအိမ်များမှ ရွှံ့ညွန်များဖယ်ရှားရှင်းလင်းခြင်း၊ ရွာသစ်တည်ဆောက်မည့်နေရာသို့ လမ်းဖောက်လုပ်ခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

## ဖယ်ရှားရှင်းလင်း

ထို့အပြင် မိတ္ထီလာတပ်နယ်မှ တပ်မတော်သားများသည် အနောက်ကမ်းဖြူ၊ မြောက်ရွာမ၊ စိုက်ခမ်း၊ ကျားဘော၊ ဆားလောက်၊ ဘဲကျုံကျားကွဲ၊ သံပုရာပင်ကျေးရွာများ၌ ရွာအဝင်လမ်း၊ ရွာတွင်းလမ်းများမှ ရွှံ့ညွန်များအား ဖယ်ရှားရှင်းလင်းခြင်း၊ ရေတုံကင်များအား ပြန်လည်ဆယ်တင်တူးဖော်ခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ အိမ်သာများ ထပ်မံတည်ဆောက်ခြင်း၊ ဘုန်းတော်ကြီးကျောင်းတန်ဆောင်းနှင့် သိမ်များအား သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ရွှေဘိုတပ်နယ်မှ တပ်မတော်သားများသည် ကင်ပွန်းတောက်၊ ကျွန်းရင်း၊ လယ်သာဝကျေးရွာများ၌ ရွာတွင်းလမ်းမှ ရွှံ့ညွန်များ ဆက်လက်ဖယ်ရှားရှင်းလင်းခြင်း၊ စာသင်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းများ၌ သန့်ရှင်းရေးပြုလုပ်ခြင်း၊ အရာတော်တပ်နယ်မှ တပ်မတော်သားများသည် ပင်းတလဲကျေးရွာ၌ ဘုန်းတော်ကြီးကျောင်းအတွင်း သဲနုန်းများ ဖယ်ရှားရှင်းလင်းခြင်းတို့ကို ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ပခုက္ကူခရိုင်အတွင်းရှိ ရေဘေးသင့်ကျေးရွာအသီးသီး၌ တပ်မတော်သားများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်မှုကြောင့် အရှေ့ကန်တွင်း၊ အင်းကန်၊ သဖန်းတောက်၊ တောင်ရွာမ၊ လယ်သာဝ၊ ကင်ပွန်းတောက်၊ အရှေ့ကဘိုင်၊ ဆင်လန်းချောင်း၊ ချောင်းနား၊ ချိုက် စသည့်ကျေးရွာများ၌ အောက်တိုဘာ ၃၁ရက်မှစတင်၍ ကျောင်းများ ပြန်လည်ဖွင့်လှစ် ပညာသင်ကြားနိုင်ပြီဖြစ်သည်။ **(သတင်းစဉ်)**

## ■ *ကျော်ဖုံးမှ*

ကမ္ဘောဒီးယားနိုင်ငံ ရေဘေးသင့်ပြည်သူများအတွက် သောက်ရေသန့်နှင့် စားသောက်ဖွယ်ရာပစ္စည်းများ တင်ဆောင်လာသည့် တပ်မတော်လေယာဉ်သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်လေဆိပ်သို့ နံနက် ၁၁ နာရီခွဲတွင် ဆိုက်ရောက်လာရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရကိုယ်စား ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးချိုထွန်းအောင်၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်အောင်နိုင်နှင့် မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် ကမ္ဘောဒီးယားနိုင်ငံအစိုးရကိုယ်စား ကမ္ဘောဒီးယားနိုင်ငံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအမျိုးသားကော်မတီ (National Committee for Disaster Management- NCDM) မှ First Vice-President ဝါရင့်ဝန်ကြီး H.E. Dr. Nhim Vanda, Second Vice-President ဝါရင့်ဝန်ကြီး H.E. Ly Thuch၊ NCDM အတွင်းရေးမှူးချုပ် H.E. Mr. Ponn Narith နှင့် Cambodian Red Cross အတွင်းရေးမှူးချုပ် Lok Chum Teav နှင့် တာဝန်ရှိသူများက လေဆိပ်မှ ကြိုဆိုကြသည်။

### လွှဲပြောင်းပေးအပ်

လှူဒါန်းပွဲတွင် မြန်မာသံအမတ်ကြီး ဦးချိုထွန်းအောင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က ကမ္ဘောဒီးယားနိုင်ငံ ရေဘေးသင့် ပြည်သူများအား စာနာထောက်ထားသည့်အနေဖြင့် စားသောက်ကုန်များ ပေးပို့လှူဒါန်းရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး NCDM မှ First Vice-President ဝါရင့်ဝန်ကြီး H.E. Dr. Nhim Vanda ထံ လှူဒါန်းပစ္စည်းများအား လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် H.E. Dr. Nhim Vanda က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ကမ္ဘောဒီးယားနိုင်ငံ ကြက်ခြေနီအသင်းသို့ ထပ်ဆင့်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ▲ *ကျော်ဖုံးမှ*

အစိုးရကိုယ်စား ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်သိမ်းက ပေးအပ်ခဲ့ပြီး ထိုင်းနိုင်ငံ အစိုးရကိုယ်စား ထိုင်းနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး H.E. Mr. Surapong Tovichakchaikul က လက်ခံကာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စစ်ကိုင်း၊ ရန်ကုန်၊ မန္တလေး၊ မကွေး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်နှင့်မွန်ပြည်နယ် လွှတ်တော်အစည်းအဝေးများကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃**

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့) အခမ်းအနားကို နိုဝင်ဘာ ၂ ရက် နံနက် ၁၀ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ခန်းမ (မုံရွာမြို့)၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်(၁၀၀)တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ မေးခွန်း(၂၃)ခုကို သက်ဆိုင်ရာဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ အဆို(၂)ခု တင်သွင်းခြင်း၊ တိုင်းဒေသကြီးဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဦးစောမြင့်ဦးက တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ပြုပြင်ပြီး ၂၀၁၂-၂၀၁၃ ခုနှစ်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာလျာထားချက်နှင့် ၂၀၁၁-၂၀၁၂ ဆောင်ရွက်ပြီး အစည်းအဝေး(ပထမနေ့)ကို ညနေ ၃ နာရီတွင် ရပ်နားလိုက်သည်။

**တက်ရောက်**

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့)ကို နိုဝင်ဘာ ၂ ရက် နံနက် ၁၀ နာရီတွင် စစ်တွေမြို့ရှိ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး ပြည်နယ်လွှတ်တော်ခန်းမ၌ စတင်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၄၆)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားပြီး လွှတ်တော်က မှတ်တမ်းတင်သည်။

ဆက်လက်၍ မေးခွန်း(၇)ခုကို သက်ဆိုင်ရာဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ အဆို(၂)ခုကို တင်သွင်းခြင်း၊ အဆို(၁)ခုကိုအတည်ပြုခြင်းတို့ ဆောင်ရွက်ကြပြီး အစည်းအဝေး (ပထမနေ့)ကို မွန်းလွဲ ၂ နာရီခွဲတွင် ရပ်နားလိုက်သည်။

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီး



**ရန်ကုန်တိုင်းဒေသကြီး**

**ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့) ကျင်းပစဉ်။** (သတင်းစဉ်)

**တင်သွင်း**

အစည်းအဝေးတွင် မေးခွန်း(၁၂) ခုကို သက်ဆိုင်ရာဝန်ကြီးများက ပြန်လည်

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(ဒုတိယနေ့)ကို ယနေ့ နံနက် ၁၀ နာရီတွင် မန္တလေးမြို့ရှိ တိုင်းဒေသကြီး လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၇၂)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း (၁၀) ခုကို သက်ဆိုင်ရာဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ တိုင်းဒေသကြီး ၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ လျာထားချက်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ လျာထားချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီးနှင့် မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးတို့က ရှင်းလင်းတင်ပြခြင်း၊ အစည်းအဝေး (ပထမနေ့) ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ် (၄)ဦးတို့က ဆွေးနွေးခြင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြန်လည်ရှင်းလင်းခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်းနှင့် အဆို(၃)ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြပြီး ညနေ ၃ နာရီ မိနစ် ၂၀တွင် အစည်းအဝေး (ဒုတိယနေ့)ကို ရပ်နားလိုက်သည်။

ပထမအကြိမ် မကွေးတိုင်းဒေသကြီး လွှတ်တော်ဒုတိယအကြိမ် ပုံမှန်အစည်းအဝေး(ဒုတိယနေ့)ကို ယနေ့ နံနက်(၁၀) နာရီတွင် မကွေးတိုင်းဒေသကြီး လွှတ်တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးရဲမြင့်၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ် (၅၉)ဦးတို့ တက်ရောက်ကြသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ၂၀၁၁-၂၀၁၂ ရသုံးမှန်းခြေ ငွေစာရင်း၊ မူလလျာထားချက်၊ ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်း၊ ဖြည့်စွက်ရန်ပုံငွေစာရင်းနှင့် ၂၀၁၂-၂၀၁၃ အရအသုံး ခန့်မှန်းခြေငွေစာရင်း လျာထားချက်နှင့် စပ်လျဉ်း၍လွှတ်တော်ကိုယ်စားလှယ်များ ကသဘောတူညီသည့်အတွက် အတည်ပြုကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာပြီး နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် အစည်းအဝေး(ဒုတိယနေ့)ကိုရပ်နားလိုက်သည်။

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို ယနေ့ နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်း၊ လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်နှင့် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်(၇၄)ဦးတို့ တက်ရောက်ကြသည်။

**ပြန်လည်ဖြေကြား**

ဆက်လက်၍ မေးခွန်း(၉)ခုကို သက်ဆိုင်ရာဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ အဆို(၃)ခု တင်သွင်းခြင်းနှင့် ယင်းတို့အနက်မှ အဆို(၁)ခုကို မေးခွန်းအဖြစ် ပြောင်းလဲမှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ပြီး နံနက် ၁၁ နာရီ ၈ မိနစ်တွင်အစည်းအဝေး(ဒုတိယနေ့)ကို ရပ်နားလိုက်သည်။

ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို ယနေ့နံနက် ၁၀ နာရီတွင် မွန်ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင်များနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၃၁)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း (၉)ခုကို သက်ဆိုင်ရာပြည်နယ်ဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ ပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်ကို အကြံပြုချက်ဖြင့် အတည်ပြုခြင်းနှင့် ပြည်နယ်စီးပွားရေးစီမံကိန်းလျာထားချက်ကိုအတည်ပြုခြင်းနှင့် အစည်းအဝေး (ပထမနေ့)တွင် တင်သွင်းထားသည့် အဆို(၄)ခု ကို အတည်ပြုခြင်းတို့ ဆောင်ရွက်ပြီး မွန်းလွဲ ၁ နာရီတွင် အစည်းအဝေး (ဒုတိယနေ့)ကို ရပ်နားလိုက်သည်။ **(သတင်းစဉ်)**



**ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့) ကျင်းပစဉ်။** (သတင်းစဉ်)

ဖြည့်စွက်ခွင့်ပြုငွေစာရင်းများကို တင်သွင်းခြင်းနှင့် တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဦးစိန်မောင်က တိုင်းဒေသကြီး၏ ပဉ္စမကာလတိုင်းနှစ်စီမံကိန်း ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ ဒေသန္တရစီမံကိန်းကို ရှင်းလင်းတင်သွင်းခြင်းတို့ လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ် (၁၂၂) ဦး တက်ရောက်ကြသည်။ ဖြေကြားခြင်း၊ အဆို(၃)ခု တင်သွင်းခြင်းနှင့် ယင်းတို့အနက်မှ အဆို(၁)ခုကို မေးခွန်းအဖြစ် ပြောင်းလဲမှတ်တမ်းတင်ခြင်း၊ အဆို(၁)ခုကို ဆွေးနွေးခြင်း၊ အဆို(၁)ခုကို မှတ်တမ်းတင်ခြင်းတို့ ဆောင်ရွက်ပြီး မွန်းလွဲ ၁ နာရီခွဲတွင် အစည်းအဝေး (ဒုတိယနေ့) ကို ရပ်နားလိုက်သည်။

## ရန်ကုန်တက္ကသိုလ် သတ္တဗေဒ ကျောင်းသားဟောင်းများ အလှူငွေပေးအပ်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၃**

ရန်ကုန်တက္ကသိုလ် သတ္တဗေဒ ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် တက္ကသိုလ်များဓမ္မာရုံ (ရန်ကုန်တက္ကသိုလ်နယ်မြေ) ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

**နှိုးဆော်ထား**

ကန်တော့ခံ သက်ကြီး ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီနာယက ဆရာဦးကျော်ဘုန်းလင်း ဖုန်း-၀၁-၂၀၃၃၀၃၊ ဦးသိန်းထွန်း ဖုန်း-၀၉-၄၃၀၈၄၄၂၉၊ ဆရာမဒေါ်ညွန့်ညွန့်ရည် ဖုန်း-၀၉-၈၅၃၇၂၆၉၊ ဒေါက်တာဌေးဌေးရင် ဖုန်း-၀၉-၇၃၀၅၇၄၈၃၊ ဆရာမ ဒေါ်တင်စိုး ဖုန်း-၀၁-၃၈၅၄၅၈၊ ဦးမြင့်လွင်ခိုင် ဖုန်း-၀၉-၅၀၄၆၈၉၉၊ ဦးမောင်မောင်ဦး (ဟိန်းလတ်) ဖုန်း-၀၉-၅၅၀၁၇၂၄၊ ဦးချစ်မိုက် ဖုန်း-၀၉-၅၀၈၀၅၅၀၊ ဦးကျော် ဖုန်း-၀၁-၅၇၇၉၄၉၊ ဒေါ်ဖြိုးရွှေစင်ဝင်း ဖုန်း-၀၉-၅၀၅၀၄၅၀ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားကြောင်းနှင့် ပထမအကြိမ် အလှူငွေပေးအပ်ပွဲနှင့် ကျင်းပရေးကော်မတီ တတိယအကြိမ် အစည်းအဝေးကို နိုဝင်ဘာ ၆ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်း မင်္ဂလာဗျူဟာအသင်းအနီး ရွှေမန်းကျောင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

**မီးကြွင်းမီးကျန်မထားရန် ကျင့်ကြံသတိအမြဲရှိ**

## မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်အသင်းဝင်များ တရုတ်နိုင်ငံသို့ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၃**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်လုံးဆိုင်ရာ လူငယ်အဖွဲ့ (ACYF)၏ ဖိတ်ကြားချက်အရ နိုဝင်ဘာ ၃ ရက်မှ ၁၀ ရက်အထိ ကျင်းပမည့် China - ASEAN Youth Camp 2011 သို့တက်ရောက်ရန် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းမှ အသင်းဝင် ဒေါ်သင်းသင်းအောင်နှင့် ဒေါ်မေသန္တာဝင်းတို့သည် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း အကျိုးတော်ဆောင် ဒေါ်စန္ဒာထွန်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၄-၁၁-၂၀၁၁ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **အဖုံးငါးသွယ်ဖယ်ရှားနည်း** တရားတော် [ဆရာတော်အရှင်ပညာဓမ္မာဘိဝံသ] (ညောင်ကန်ဆရာတော်)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၁၅)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **တွဲလက်မဖြုတ်တမ်း** (အပိုင်း-၁၀)
- ၈:၄၀ City Mart Music Concert II (Part-5)
- ၉:၂၅ Movie Talk အေဝမ်းကြည်အေး၊ ဒါရိုက်တာ-ကြည်စိုးထွန်း (အပိုင်း-၁)
- ၉:၄၅ လျှို့ဖွယ်မြတ်သင်္ကန်းရယ်နှင့် ဂုဏ်တင့်ကာဝင့်ထည်စေမည့် ရတနာမွန်
- ၁၀:၀၅ ထူးချွန်သူများနှင့်ချီးမြှင့်သူတို့၏ပွဲ
- ၁၀:၂၀ တွံတေးမြို့နယ်လုံးဆိုင်ရာ ပထမအကြိမ်မြတ်ဆရာပူဇော်ပွဲ
- ၁၀:၃၅ Fashion Week (ဒီဇိုင်နာသက်နှင်းအေး-Dozo) (အပိုင်း-၁)
- ၁၁:၁၀ သူတို့ပြောတဲ့သူတို့အကြောင်း (ကျော်ကျော်ဗိုနှင့်တွေ့ဆုံခြင်း) (အပိုင်း-၁)
- ၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၀၀ Activities in the City ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် သာသနာ့နုဂ္ဂဟအသင်း၏ စုပေါင်းသြဝါဒခံယူပွဲ
- ၁၂:၁၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍာ
- ၁၂:၃၀ အပြိုင်ကြမယ့်သီတင်းကျွတ် ဂီတပွဲ
- ၁:၀၀ **အဖုံးငါးသွယ်ဖယ်ရှားနည်း** တရားတော် [ဆရာတော်အရှင်ပညာဓမ္မာဘိဝံသ] (ညောင်ကန်ဆရာတော်)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၁၅)
- ၄:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **တွဲလက်မဖြုတ်တမ်း** (အပိုင်း-၁၀)
- ၅:၀၀ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ **နှလုံးသားမှာအထာရှိတယ်**
- ၅:၂၀ နေရဲမာန်၏တေးစီးရီးမိတ်ဆက်ပွဲ အခမ်းအနား
- ၅:၄၅ ရန်ကုန်မြင်ကွင်းကျယ် (Celebrity Look Alike)
- ၆:၀၀ MRTV -4 သတင်း
- ၆:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၁၆)
- ၇:၂၀ City Mart Music Concert II (Part-6)
- ၈:၀၀ MRTV -4 သတင်း
- ၈:၃၀ စားချင်စဖွယ်နည်းအသွယ်သွယ် (ဘူးသီးနှင့် မှိုကန်စွန်းကြော်ချက်နှင့် ဂရိ(စ်)စတိုင်ငါးကျဉ်းကြော်)
- ၈:၅၀ အနုပညာမိုးကောင်းကင်
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **တွဲလက်မဖြုတ်တမ်း** (အပိုင်း-၁၁)
- ၁၀:၁၅ VJ Choice
- ၁၀:၄၀ Intellectural Talk (လူ့အဖွဲ့အစည်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်) (သိပ္ပံမှူးတင်) (သိပ္ပံစာရေးဆရာ-ကိုကိုလှိုင်)
- ၁၁:၂၅ SGED သက်ကြီးဆရာဝန်စောင့်ရှောက်ရေး
- ၁၁:၄၅ World of Knowledge (Robo Human)
- ၁၂:၃၅ ကြက်သွန်စိုက်ပျိုးဖြစ်ထွန်းအောင်မြင် ဆိပ်ဖြူမြို့တစ်ခွင်
- ၁၂:၅၀ အထောက်အကူပြုစရာ ကလေးတို့အတွက်အင်္ဂလိပ်စာ
- ၁:၁၀ မှတ်မှတ်ရရရှိစေဖို့ ကယားဒေသဟင်းထုပ်
- ၁:၁၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ-၄၀၁)
- ၁:၃၀ **ရင့်နှစ်ပန်းတို့လန်းစေချင်** ဖြိုးငွေစိုး၊မိုးယုစံ၊မျိုးသန္တာထွန်း၊ ခင်စိုးပိုင်၊အေးသီတာ [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
- ၁:၄၅ မြန်မာ့သနပ်ခါး
- ၂:၀၀ ပိတုန်းရောင်ကေသာဦးအတွက်
- ၂:၁၀ Shooting Location (ဦးမောင်မောင်ကြီးအိမ်)
- ၂:၃၀ ရေပျော်ငှက်၏တောင်ပံခတ်သံ
- ၂:၅၀ လမ်းညွှန်ပေးစက် GPS
- ၃:၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၅ ဖွံ့ဖြိုးသာယာကောလင်းမြေမှာ
- ၄:၂၅ မြန်မာ့လက်မှု ယွန်းအနုပညာ
- ၄:၄၅ ထူးခြားမြင့်မြတ်ပြည့်စုံခြင်းတို့ စုဝေးတည်ရှိရာ (မြန်မာနိုင်ငံ၏ တစ်ဆူတည်းသော တမုတ်ရှင်ပင် ရွှေဂူကြီးဘုရား)

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# ပြည်သူ့လွှတ်တော်အစည်းအဝေး (၄၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

## လူမျိုးစွဲ၊ ဒေသစွဲ အယူအဆများကို စွန့်လွှတ်လျက် တစ်ဦးနှင့်တစ်ဦး နားလည်မှုရယူကာ ဆွေးနွေးတိုင်ပင်ပြီး ဒေသအကျိုး၊ နိုင်ငံအကျိုး ဆောင်ရွက်သွားကြမှသာ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းမှန်ပေါ် ရောက်ရှိမည်

နေပြည်တော် နိုဝင်ဘာ ၃

**ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး (၄၅)ရက်မြောက်နေ့ကို နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၈၀)တို့ တက်ရောက်ကြပြီး အစည်းအဝေး၌ အဆိုအသစ် (၁)ခု တင်သွင်းဆွေးနွေးခြင်းနှင့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်သူ့လွှတ်တော်အစည်းအဝေး (၄၅)ရက်မြောက်နေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြောကြားရာတွင် နိုဝင်ဘာ (၁)ရက်က ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ပြုလုပ်ခဲ့သည့် ဆုံးဖြတ်ချက်အပေါ် အမျိုးသားလွှတ်တော်က ယမန်နေ့က ပြုလုပ်ခဲ့သည်ကို ကြားသိခဲ့ရပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ Reciprocal Control, Check and Balance အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းပြုနိုင်ရေးတွင် လွှတ်တော်များကလည်း ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် အဆင့်အတန်းနှင့် အခွင့်အာဏာတူသည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ ပါဝင်ပါကြောင်း၊ လွှတ်တော်နှစ်ရပ်အကြား အမြင်မတူမှု၊ သဘောထားကွဲပြားမှုများလည်းရှိသည်မှာ သဘာဝကျပါကြောင်း၊ ထိုသို့ အမြင်မတူမှု၊ သဘောထားမညီမျှမှုများရှိပါက ပြည်ထောင်စုလွှတ်တော်သို့တင်ပြပြီး အဆုံးအဖြတ်ခံယူကြရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်၏ အောက်တိုဘာ (၂၈)ရက် အစည်းအဝေးကျင်းပပြီးသည့်နောက်ပိုင်း ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အစည်းအဝေး၏ ဖြစ်စဉ်များသည် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်နာယက အပါအဝင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာကို ထိခိုက်သည်ဟု မယူဆပါကြောင်း၊ ဂုဏ်သိက္ခာများပင် ပိုမိုကောင်းမွန်လာသည်ဟု ယူဆပါကြောင်း။

ယခုလွှတ်တော်၌ ပြောဆိုဆွေးနွေးမှုများသည်လည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို နည်းလမ်းမှန်ကန်စွာ လေးစားလိုက်နာကြရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နေကြသည်ဟု မှတ်ယူပါကြောင်း၊ ယခု လွှတ်တော်အတွင်း *စာမျက်နှာ ၄ ကော်လံ ၁* ✻



ရေဘေးသင့် ထိုင်းနိုင်ငံပြည်သူများအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက လှူဒါန်းသော သောက်ရေသန့်နှင့် စားသောက်ဖွယ်ရာပစ္စည်းများ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

## ထိုင်းနိုင်ငံ ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံမှ သောက်ရေသန့်နှင့် စားသောက်ဖွယ်ရာပစ္စည်းများ လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၃

ထိုင်းနိုင်ငံတွင် လတ်တလောဖြစ်ပွားခဲ့သည့် ရေလွှမ်းမိုးမှုများကြောင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ကြသည့် ထိုင်းနိုင်ငံပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီအဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သောက်ရေသန့် ၇ တန်နှင့် စားသောက်ဖွယ်ရာပစ္စည်း ၂ တန် ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဗန်ကောက်မြို့ရှိ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနရုံး၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် *စာမျက်နှာ ၉ ကော်လံ ၇* ▲



ကမ္ဘောဒီးယားနိုင်ငံ ရေဘေးသင့်ပြည်သူများအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက လှူဒါန်းသော သောက်ရေသန့်နှင့် စားသောက်ဖွယ်ရာပစ္စည်းများ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

## ကမ္ဘောဒီးယားနိုင်ငံ ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံမှ သောက်ရေသန့်နှင့် စားသောက်ဖွယ်ရာပစ္စည်းများ လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၃

ကမ္ဘောဒီးယားနိုင်ငံ ရေဘေးသင့်ပြည်သူများအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သောက်ရေသန့် ၇ တန်နှင့် စားသောက်ဖွယ်ရာပစ္စည်း ၁ တန် လှူဒါန်းသည့်အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင် အပြည်ပြည်ဆိုင်ရာလေဆိပ်အနီးရှိ တပ်မတော်လေတပ်စခန်း ဌာနချုပ်၌ ကျင်းပသည်။ *စာမျက်နှာ ၉ ကော်လံ ၅* ■